# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တပေါင်းလကွယ် ၊ တနင်္လာနေ့ ၊ (20-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အင်အားဟူသည် တိုးတက်ကောင်းမွန်သော အပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်သောကြောင့် စစည်းညီညွတ်မှုအင်အားကို တည်ဆောက်ရမည်ဖြစ်




**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် **"အင်အား"ဟူသည့်စကားမှာ စကားလုံးတစ်လုံးတည်းသာ ဖြစ်သော်လည်း နိုင်ငံတော်အတွက်၊ တပ်မတော်အတွက် ကောင်းမွန်တိုးတက်သော အပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တပ်တွင်းစည်းလုံးညီညွတ်မှုအား၊ နိုင်ငံအတွင်း စုစည်းညီညွတ်မှုအင်အားများကို မဖြစ်မနေ တည်ဆောက်သွားရမည်ဖြစ်**ကြောင်းဖြင့် ဦးစွာပြောကြားသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ထို့နောက် နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဦးဆောင်ခဲ့သည့် အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းခဲ့သည့်အခြေအနေများ၊ ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ


စာမျက်နှာ ၁၆ ကော်လံ ၁ သို့


**အမှာစကားပြောကြား**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။**






ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၂၀ ရက်
အယ်ဒီတာ့အာဘော်

# အဖိုးတန်မြန်မာ့သယံဇာတ

မြန်မာနိုင်ငံသည် အဖိုးတန်သယံဇာတပေါကြွယ်ဝပြီး မြေပေါ်မြေအောက်၌ ကျောက်မျက်ရတနာဓာတ်သတ္တုတို့ တည်ရှိနေကြသည်။ သယံဇာတများတွင် သား၊ ငါး၊ ဆန်စပါး၊ ရေနံ၊ ကျွန်းသစ်ကဲ့သို့သော တိုက်ရိုက်စားသုံးမှုပြုနိုင်သည့် သယံဇာတများရှိနေသလို ပုလဲ၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကဲ့သို့သော အမြတ်တနိုးတန်ဖိုးထားအပ်သည့် သယံဇာတများလည်း တည်ရှိနေသည်။

မြန်မာနိုင်ငံမှထွက်ရှိသော သယံဇာတများအနက် မြန်မာ့ကျောက်မျက်ရတနာများသည် နိုင်ငံတကာမှ စိတ်ဝင်စားခြင်းခံရသည်။ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့ကြောင်း တွေ့ရသည်။

ယခု ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲကို မတ် ၁၇ ရက်က နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မတ် ၂၃ ရက်ထိ ပြသရောင်းချမည်ဖြစ်သည်။ ယခုပြပွဲတွင် ပုလဲအတွဲ ပေါင်း ၂၉၅ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို ခင်းကျင်းပြသထားပြီး လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ မက်လင်ချောင်းအကျိုးတူ(၂)မှထွက်ရှိသည့် ၃၅ တန်ရှိ ကျောက်စိမ်းတုံးကြီးနှင့် ကျောက်စိမ်းအရိုင်းအတွဲများကို ခန်းမအပြင်ဘက်၌ ခင်းကျင်းပြသထားသည်မှာ သယံဇာတပေါကြွယ်ဝသည့် မြန်မာတို့မြေ၏ ဂုဏ်အင်္ဂါတစ်ရပ်ကို မြင်တွေ့ခွင့်ရခြင်းပင်ဖြစ်သည်။

ယခု ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲများကို ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် ဝယ်ယူနိုင်ပြီး ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိကြောင်း တွေ့ရသည်။ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် ဈေးကွက်ပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ပေးချေရမည်ဖြစ်ရာ လွယ်ကူထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွေ့ရသည်။

ထို့ပြင် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊ မည်သို့ပေးချေရမည်တို့ကို အမျိုးအစားအလိုက် သတ်မှတ်ထားရှိခြင်းနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူနိုင်ခြင်းတို့မှာ ရတနာတန်းဝင်ကျောက်မျက်များကို တန်ဖိုးတက်စေသည်သာမက နည်းစနစ်ကျနသော ရောင်းဝယ်မှုပုံစံကို ကျင့်သုံးနိုင်ခြင်းဖြစ်ကြောင်း တွေ့ရပေသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများသည် (၅၈)ကြိမ်ထိရောက်ရှိလာပြီဖြစ်သလို နိုင်ငံတကာမှ ရတနာကုန်သည်များကို ဆွဲဆောင်နိုင်ခဲ့သည်ဟု ဆိုနိုင်သည်။ တန်ဖိုးသိနားလည်သူတို့အတွက် အဖိုးအနဂ္ဃထိုက်တန်မြဖြစ်သော ကျောက်မျက်ရတနာသယံဇာတများက မြန်မာတို့မြေမှ နှစ်စဉ်ထွက်ရှိကာ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည်မှာ အထင်အရှားဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံ၏ဘူမိရင်နှစ်သည်းချာဖြစ်သော ကျောက်မျက်ရတနာများကို နိုင်ငံတကာတွင် ဈေးကွက်ဝင်ရောင်းပန်းလှကာ အမြတ်တနိုးတန်ဖိုးထားနိုင်ကြရန်၊ နိုင်ငံတော် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန် တူးဖော်ထုတ်လုပ်ရရှိလာသော ကျောက်မျက်ရတနာများကို ထိန်းသိမ်းထားရှိခြင်းနှင့် ခင်းကျင်းပြသရောင်းချခြင်းများကိုဆောင်ရွက်ကာ မြန်မာ့လူနေမှုဘဝဖွံ့ဖြိုးမှုနှင့် မြန်မာတို့၏ကောင်းမွန်သောပုံရိပ်တို့ကို ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မတ် ၁၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၃၆၅၆၂၇ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာ အဖိတ်နေ့ဖြစ်တာကြောင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို ဘုရားဖူးတွေ နယ်စုံဒေသက လာရောက်ဖူးမြော်ကြပြီး ဘုရားဖူးဦးရေ တိုးလာပါတယ်။ လိုဏ်ဂူတော်အတွင်းကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ ဘုရားဖူးတွေကလဲ အိမ်ပြန်အမှတ်တရ လက်ဆောင်အဖြစ် ဝယ်ယူမှုတွေနဲ့ စည်ကားနေပါတယ်။ စနေ၊ တနင်္ဂနွေတို့၊ လပြည့်၊ လကွယ်တို့ဆိုရင် ဘုရားဖူးဦးရေ ပိုတိုးပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၃၁၂၇ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၆၁၅၁၅ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၉၈၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားသယ်မည့် ကုန်တင်သင်္ဘောများ သင်္ကြန်ကာလတွင် မရပ်နားဘဲပြေးဆွဲပေးမည်

**မန္တလေး မတ် ၁၉**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူမည့် ကုန်တင်သင်္ဘောများ သင်္ကြန်ကာလတွင် မရပ်နားဘဲ ပြေးဆွဲပေးမည်ကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရေဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရေယာဉ်များ သွားလာရာတွင် ရေကြောင်းကျပ်တည်းသည့်နေရာများ မရှိသလောက်နည်းပါးသဖြင့် အဆင်ပြေစွာ သွားလာလျက်ရှိကြောင်း၊ သင်္ကြန်ကာလတွင် မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူမည့် ကုန်တင်သင်္ဘောများ မရပ်နားဘဲ ပုံမှန်အတိုင်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလက နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်ပါတယ်။ ဒါပေမဲ့ ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်ဆိပ်ကမ်းကို စက်သုံးဆီသွားသယ်မဲ့ ကုန်တင်သင်္ဘောတွေ ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမှာပါ"ဟု ဦးဝင်းမောင်က ဆက်လက်ပြောပြသည်။

သင်္ကြန်ကာလတွင် ကုန်စည်စီးဆင်းမှု ပုံမှန်အတိုင်းဖြစ်စေရေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူမည့် ကုန်တင်သင်္ဘောအစီးရေ ၈၀ ကျော်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ပို့ကုန်အဖြစ် တင်ပို့သည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသော ကျောက်စရစ်မှာလည်း ကုန်ကြမ်းရရှိမှုမြန်လည်များပြားလာခြင်းကြောင့် ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ၅၀ ကျော်ထိ ရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေး ဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး မတ် ၁၉**

မန္တလေး ဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ တရုတ်ကြက်သွန်ဖြူများ မန္တလေးဈေးကွက်အတွင်း အဝင်နည်းလာသည့်အပြင် ကုန်စည်လက်ကျန်လည်း နည်းပါးလာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု တရုတ်ကြက်သွန်ဖြူတွေတော့ မန္တလေးဈေးကွက်အတွင်း တဖြည်းဖြည်းအဝင်နည်းလာတယ်။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူတွေ ဈေးကွက်ထဲမှာ ကုန်ပစ္စည်းလက်ကျန် နည်းပါးလာပြီးတော့ ဈေးကောင်းပြန်ပြီးရလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မတ်လ ပထမပတ်က တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း မတ် ၁၈ ရက် ပေါက်ဈေးအရ တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ တရုတ်ကြက်သွန်ဖြူတွေ လက်ကျန်သိပ်ပြီးမရှိတော့တာကြောင့် ဈေးကောင်းပြန်ရလာတယ်။ တရုတ်ကြက်သွန်ဖြူအသစ်တွေ မန္တလေးဈေးကွက်ထဲ ပြန်ဝင်လာရင်တော့ ဈေးက ပြန်ပြီးတည်ငြိမ်သွားဖို့ရှိပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကျေးသီးမြို့နယ် နောင်အယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကျေးသီး မတ် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နောင်အယ်၊ ဟိုတနှင့် ဝမ်မိုင်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နောင်အယ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က နောင်အယ်၊ ဟိုတနှင့် ဝမ်မိုင်ကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၅၁၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက နောင်အယ်၊ ဟိုတနှင့် ဝမ်မိုင်ကျေးရွာတို့၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးသန်းညွန့်**



➤ စာမျက်နှာ ၄ မှအဆက်

(ဃ) ဆွာမိဝိဝေကနန္ဒာ(ဘာသာပြန်)စသည်

**၂။ လူထုဒေါ်အမာ ပြုစုခဲ့သော အတ္ထုပ္ပတ္တိများ**

(က) ဟိုချီမင်း (၁၉၅၀)

(ခ) ပြည်သူချစ်သော အနုပညာသည်များ (၁၉၆၄)

(ဂ) အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး (၁၉၆၇)

(ဃ) ရွှေရိုး ဘကလေး (၁၉၆၉)

(င) ရွှေမန်းတင်မောင် (၁၉၇၀)

(စ) ဆရာကြီး သခင်ကိုယ်တော်မှိုင်း (၁၉၇၆)

(ဆ) မန္တလေးသူ၊ မန္တလေးသားများ (၁၉၉၁)

(ဇ) သာသနာ့ဝန်ဆောင်ဆရာတော်ကြီးများ (၁၉၉၄)

(ဈ) ငယ်ကကျွမ်းတဲ့ ခင်ပွန်းသည်သို့ (၂၀၀၁)

(ည) ကျွန်မရေးတဲ့ သူ့ဘဝ၊ လူထုဦးလှ (၂၀၁၀)

(ဋ) ကျွန်မသိတဲ့ ရွှေကိုင်းသား ဦးသောဘိတ (၂၀၁၂)

**၃။ တက္ကသိုလ်ဓိန်တင်ရေးသော အတ္ထုပ္ပတ္တိများ**

(က) ရဲဘော်သုံးကျိပ်

(ခ) စောစံဖိုးသင်

(ဂ) အောင်ဆန်းသူရိယ ဗိုလ်ကြီးတိုက်ချွန်း

(ဃ) ဗိုလ်မှူး အောင်ဆန်းသူရိယအေးချို

(င) ပခုက္ကူ ဦးအုံးဖေ

၄။ မလေးလုံ၊ ဖေမောင်တင် သို့မဟုတ် ဘသက်ရှည် (၁၉၇၅)

၅။ မသန်းသန်း(မန်းတက္ကသိုလ်)၊ ဆရာကြီး လေးမြိုင်

၆။ အရှင် ယောသိက၊ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ (၁၉၈၄)

၇။ ဂျာနယ်ကျော်မမလေး သူလိုလူ (၁၉၇၇) (ဦးချစ်မောင်)

၈။ ဇော်ဂျီ သိန်းနှင့်ကျားငှီကာ (၁၉၈၄)

၉။ မောင်ခင်မင်(ဓနုဖြူ) မင်းသုဝဏ်ငှီကာ (၂၀၁၈)

၁၀။ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသံသရာ (ကိုယ်တိုင်ရေးထေရုပ္ပတ္တိ- ၁၉၀၀-၁၉၇၇)

**နိဂုံး**

ကိုယ့်အကြောင်းကို ကိုယ်ရေးတာပဲဖြစ်ဖြစ်၊ အခြားသူတစ်ပါးအကြောင်းကို ရေးရတာပဲဖြစ်ဖြစ် အတ္ထုပ္ပတ္တိရေးသားသူဟာ စာဖတ်သူနေရာဘက်က ထည့်စဉ်းစားရပြီး ၁။ ဖတ်ချင်အောင်၊ ၂။ သိချင်အောင်၊ ၃။ ခံစားနိုင်အောင်၊ ၄။ နားလည်နိုင်အောင်၊ ၅။ စာနာတတ်အောင် စေတနာပါပါရေးနိုင်လေလေ အောင်မြင်ထိရောက်လေလေပဲဆိုတာ ကောက်ချက်ဆွဲပြီး နိဂုံးချုပ်ပါရစေ။

စာကောင်းပေကောင်းတွေနဲ့ ပေါင်းဖော်ပါလေ။

## ဖက်ဆစ်နှင်ကြောင်း လတာပေါင်း

\- သူငယ်ချင်း
မင်းလည်းအသိ ငါလည်းသိသည်
အမိမြန်မာ တို့ပြည်သာကို
ရန်ရှာစော်ကား နယ်ချဲ့များနှင့်
ရမ်းကားနှံ့နှစ် ဖက်ဆစ်ညစ်သည်
ကောက်ကျစ်ယုတ်မာ တို့ဆီလာ၍
"နူရာဝဲစွဲ လဲရာသူခိုးထောင်း"
ဆိုရိုးဟောင်းသို့
အကြောင်းဖွေရှာ မြန်မကြာဘဲ
မြန်မာတိုင်းသား လူအများကို
ခိုင်းနွားပမာ နှိပ်စက်လာသည်
မကြာခဏ ဇာတိပြ၏။

\- သူငယ်ချင်း
မင်းလည်းမချို ငါမချိုပြီ
အမိအဘွား အမများနှင့်
တိုင်းသားမကျန် သင်းတို့ဒဏ်ကို
ကြိမ်ဖန်များစွာ ခံရရှာသည်
သေချာတွေးကြည့် သနားဘိ။

\- သူငယ်ချင်း
မင်း၏အဖေ ငါ့အဖေလည်း
မသေတစ်မယ် ရေးထားဝယ်တွင်
တကယ်သေလမ်း ချွေးစခန်း၌
လူကြမ်းနိပ္ပန် သူ၏ကျွန်သို့
အလွန်နှိပ်စက် ခံရခက်လည်း
အန်ထွက်ဒေါသ မျိုသိပ်ရ၏။

\- သူငယ်ချင်း
မင်းလည်းသိသား ဂျပန်ဓားဟု
ဝင့်ကြွားဟန်ပြ မာန်တွေကြွလည်း
မြန်မာ့သံဓား ယိမ်းနွဲ့ပါးကို
တအားဆုပ်ကိုင် ဇွဲစိတ်ပိုင်ဖြင့်
တူပြိုင်စိတ်ထား ရဲဘော်များနှင့်
စစ်သားပီသ ဗိုလ်တေဇတို့
မတ်လ နှစ်ခွန် ရက်မြတ်မွန်၌
တိမ်စွန်မိုးဆီ စစ်ကြောင်းချီလျက်
အနိဂျပန် ဖက်ဆစ်ရန်ကို
တော်လှန်စုပေါင်း လတာပေါင်းသည်
အောင်ကြောင်းမင်္ဂလာ ပြည်မြန်မာ၏
ရာဇာလမြတ် ငါတို့မှတ်စို့။ ။

**မောင်စိန်(ပညာရေးတက္ကသိုလ်)**

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# ပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက်ကို သက်တမ်းထပ်တိုးရန် ရုရှားနှင့်ယူကရိန်း သဘောတူ



**မော်စကို မတ် ၁၉**

ယူကရိန်း ကောက်ပဲသီးနှံများကို ပင်လယ်နက်ဆိပ်ကမ်းများမှ ပြည်ပတင်ပို့မှုဆိုင်ရာ သဘောတူညီချက်ကို အနည်းဆုံးရက်ပေါင်း ၆၀ ထိ သက်တမ်းထပ်တိုးရန် ရုရှားနှင့် ယူကရိန်းတို့က မတ် ၁၈ ရက်တွင် သဘောတူညီခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ရယူခဲ့သည့် သက်တမ်းရက် ၁၂၀ ခွင့်ပြုချက်ကုန်ဆုံးသည့်နေ့မှာပင် အဆိုပါသဘောတူညီချက်ကို ရက်ပေါင်း ၆၀ သက်တမ်းထပ်တိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းသဘောတူညီချက်အား ယခုနှစ်မေလလွန်ချိန်ထိ သက်တမ်းတိုးပေးရေးမှာ အနောက်အုပ်စုနိုင်ငံများက အရေးယူပိတ်ဆို့မှုအချို့ ရုပ်သိမ်းမှုအပေါ် မူတည်မည်ဖြစ်ကြောင်း ရုရှားအစိုးရက သတိပေးထားသည်။

ရုရှားနှင့် ယူကရိန်းတို့သည် ပင်လယ်နက်ကောက်ပဲသီးနှံသဘောတူညီချက်ကို ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ကုလသမဂ္ဂနှင့် တူရကီတို့၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ရယူခဲ့ခြင်းဖြစ်သည်။

ယူကရိန်းပဋိပက္ခကြောင့်ပေါ်ထွက်လာရသည့် ကမ္ဘာ့စားနပ်ရိက္ခာပြဿနာကို ဖြေရှင်းရေးအတွက် ပင်လယ်နက်ကောက်ပဲသီးနှံသဘောတူညီချက်ကို ရုရှားနှင့်ယူကရိန်းတို့က ရယူခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့် ယူကရိန်းတို့သည် ကမ္ဘာ့ထိပ်တန်း ကောက်ပဲသီးနှံတင်ပို့ရောင်းချသည့်နိုင်ငံများဖြစ်ရာ ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာ့ဈေးကွက်အတွင်းသို့ ကောက်ပဲသီးနှံဝင်ရောက်မှု ကျဆင်းခဲ့ရကြောင်း သိရသည်။

KKO

# ရုရှားသမ္မတပူတင် မာရီယူပိုလ်မြို့သို့ ကြိုတင်ကြေညာခြင်းမရှိဘဲ သွားရောက်

**မော်စကို မတ် ၁၉**

သမ္မတပူတင်သည် ရုရှားတပ်များထိန်းချုပ်ထားသည့် ယူကရိန်းအရှေ့ပိုင်း ဒွန်းဘက်စ်ဒေသရှိ မာရီယူပိုလ်မြို့သို့ ကြိုတင်ကြေညာခြင်းမရှိဘဲ သွားရောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားသမ္မတပူတင်သည် မတ် ၁၈ ရက်တွင် ကရိုင်းမီးယားကျွန်းဆွယ်ဒေသသို့သွားရောက်ခဲ့ပြီးနောက် မာရီယူပိုလ်မြို့သို့ ရဟတ်ယာဉ်ဖြင့်သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

မာရီယူပိုလ်မြို့ ခရီးစဉ်အတွင်း သမ္မတပူတင်သည် မြို့တွင်းရပ်ကွက်အချို့သို့ သွားရောက်၍ ဒေသခံများနှင့် စကားစမြည်ပြောကြားခဲ့ကြောင်း ကရင်မလင်နန်းတော်ကြေညာချက်၌ ဖော်ပြထားသည်။

သမ္မတပူတင်သည် ယူကရိန်းအထူးစစ်ဆင်ရေးများ စတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရုရှားတပ်များထိန်းချုပ်ထားသည့် ယူကရိန်းနယ်မြေတစ်ခုသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ယူကရိန်းစစ်ရေးပဋိပက္ခကာလအတွင်း မာရီယူပိုလ်တိုက်ပွဲမှာ အပြင်းထန်ဆုံးတိုက်ပွဲများထဲတွင် ပါဝင်ခဲ့ပြီး ပြီးခဲ့သည့်နှစ်မေလအတွင်း ရုရှားတပ်များ ထိန်းချုပ်နိုင်ခဲ့သည့် မဟာဗျူဟာမြောက် ဆိပ်ကမ်းမြို့ဖြစ်သည်။

ရုရှားသမ္မတပူတင်၏ မာရီယူပိုလ်မြို့ခရီးစဉ်နှင့်ပတ်သက်၍ ယူကရိန်းအစိုးရက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

KKO



# ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ကမ်းရိုးတန်းသို့ တာတိုပစ်ဒုံးကျည်တစ်စင်း မြောက်ကိုရီးယားပစ်လွှတ်

**ဆိုးလ် မတ် ၁၉**

မြောက်ကိုရီးယားနိုင်ငံသည် ယနေ့တွင် ကိုရီးယားကျွန်းဆွယ်အရှေ့ဘက်ကမ်းရိုးတန်း ရေပြင်အတွင်းသို့ တာတိုပစ်ဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို သတိပေးသည့်အနေဖြင့် ဟွာဆောင်-၁၇ အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် တာတိုပစ်တိုက်ချင်းပစ် ဒုံးကျည်တစ်စင်းကို မြောက်ကိုရီးယားက ထပ်မံပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းဒေသမှပစ်လွှတ်ခဲ့သော အဆိုပါတာတိုပစ်ဒုံးကျည်သည် အမြင့်မိုင် ၃၀ ထိတက်ရောက်၍ အကွာအဝေး မိုင် ၅၀၀ ထိ ပျံသန်းပြီးနောက် ပစ်မှတ်နေရာကို ကျရောက်ခဲ့ကြောင်း တောင်ကိုရီးယားနှင့်ဂျပန်တို့က အတည်ပြုထားသည်။

မြောက်ကိုရီးယား၏ ယနေ့ဒုံးကျည်ပစ်လွှတ်မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တစ်ရပ်အား ချိုးဖောက်မှုအဖြစ် တောင်ကိုရီးယားနိုင်ငံက ဝေဖန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် မတ် ၁၆ ရက်က ဟွာဆောင်-၁၇ တိုက်ချင်းပစ်ဒုံးကျည်ကို ကိုရီးယားကျွန်းဆွယ်နှင့် ဂျပန်နိုင်ငံတို့အကြား ရေပြင်အတွင်းသို့ ပစ်လွှတ်စမ်းသပ်ခဲ့ရာ ထိုစဉ်ကလည်း တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ဝေဖန်ခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ဒုံးကျည်စမ်းသပ်မှုများ စံချိန်တင်ပြုလုပ်ခဲ့ရာ ကိုရီးယားကျွန်းဆွယ်ဒေသ၌ အခြေအနေများ တင်းမာခဲ့ရကြောင်း သိရသည်။

KKO

# တူရကီနိုင်ငံခြားရေးဝန်ကြီး မီဗလွတ်ကာဗူဆိုဂလူ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**ကိုင်ရို မတ် ၁၉**

တူရကီ နိုင်ငံခြားရေးဝန်ကြီး မီဗလွတ်ကာဗူဆိုဂလူသည် မတ် ၁၈ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ရောက်ရှိခဲ့ပြီး အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမေးရှိုရှုခရီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တူရကီနိုင်ငံခြားရေးဝန်ကြီး၏ မတ် ၁၈ ရက် ကိုင်ရိုခရီးစဉ်သည် ၁၀ နှစ်တာကာလအတွင်း တူရကီထိပ်တန်းသံတမန်တစ်ဦး၏ ပထမဆုံးအီဂျစ်ခရီးစဉ်ဖြစ်သည်။


တူရကီ၏ မဟာမိတ်ဖြစ်သော မွတ်စလင်ညီနောင်များအဖွဲ့ပါတီအစိုးရကို လက်ရှိအီဂျစ်ခေါင်းဆောင် အက်ဘ်ဒယ်လ်ဖာတားအယ်လ်စီစီက ဖြုတ်ချခဲ့သော ၂၀၁၃ ခုနှစ်မှစ၍ တူရကီနှင့်အီဂျစ်တို့အကြား ဆက်ဆံရေးမှာ ဆိုးရွားခဲ့ရသည်။

သို့သော် ၂၀၂၁ ခုနှစ်မှစ၍ အီဂျစ်နှင့်တူရကီအကြား နှစ်နိုင်ငံဆက်ဆံရေးမှာ ပြန်လည်နွေးထွေးစပြုလာခဲ့သည်။

နှစ်နိုင်ငံကြား သံအမတ်ကြီးအဆင့် သံတမန်ဆက်ဆံရေးကို သင့်လျော်သည့်အချိန်တွင် ပြန်လည်ထားရှိနိုင်ရေးအတွက် တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

တူရကီနှင့် ဆီးရီးယားနိုင်ငံတို့၌ အင်အားပြင်းသည့်မြေငလျင်များ ပြီးခဲ့သည့်လအတွင်း လှုပ်ခတ်ခဲ့ပြီးနောက် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ရှုခရီသည် တူရကီနိုင်ငံသို့ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO



# ဘင်္ဂလားဒေ့ရှ်၌ ခရီးသည်တင်ဘတ်စကား မြောင်းထဲထိုးကျ၊ အနည်းဆုံး ၁၉ ဦးသေဆုံး

**ဒါကာ မတ် ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလယ်ပိုင်း အဝေးပြေးလမ်းပေါ်၌ အရှိန်ဖြင့်မောင်းနှင်လာသည့် ခရီးသည်တင်ဘတ်စကားတစ်စီး လမ်းပေါ်မှချော်ထွက်၍ လမ်းဘေးမြောင်းအတွင်းသို့ ယနေ့တွင် ထိုးကျခဲ့ရာ အနည်းဆုံး လူ ၁၉ ဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် ခရီးသည်တင်ဘတ်စကား လမ်းဘေးရေမြောင်းထဲထိုးကျခဲ့မှုကြောင့် ဒဏ်ရာရခဲ့သူများအနက် အချို့မှာ အခြေအနေစိုးရိမ်ရသည်ဖြစ်ရာ သေဆုံးသူအရေအတွက် ထပ်တိုးလာနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ခရီးသည်ဦးရေ ၄၀ ကျော် တင်ဆောင်ထားသည့် အဆိုပါဘတ်စကားသည် လမ်းဘေးအရံအတားများကို ဝင်တိုက်မိ၍ လမ်းအောက်ဘက် ကိုးမီတာအကွာတွင်ရှိသည့် ရေမြောင်းထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။

အရှိန်ဖြင့်မောင်းနှင်နေစဉ် ကားဘီးတာယာများပွင့်ထွက်ခဲ့ပြီးနောက် ယာဉ်မောင်းဖြစ်သူမှာ ယာဉ်ကိုထိန်းချုပ်၍မရတော့သည့် အခြေအနေမျိုးရှိခဲ့ပုံရကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။


စည်းကမ်းမဲ့ မောင်းနှင်မှု၊ မော်တော်ယာဉ်များ သက်တမ်းအိုဟောင်းမှုနှင့် လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

၂၀၁၈ ခုနှစ်က ဆယ်ကျော်သက်နှစ်ဦး ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့ရပြီးနောက် ဆန္ဒပြပွဲများဖြစ်ပွားခဲ့ရာ စည်းကမ်းမဲ့မောင်းနှင်နေသောယာဉ်များ၏ ယာဉ်တိုက်မှုများအတွက် ထောင်ဒဏ်ပြစ်ဒဏ်ကို သုံးနှစ်မှ ငါးနှစ်သို့ ဘင်္ဂလားဒေ့ရှ်အစိုးရက တိုးမြှင့်ခဲ့ရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီ၏ CHEOPS အာကာသယာဉ်က နေအဖွဲ့အစည်းပြင်ပဂြိုဟ်များကို ၂၀၂၆ ခုနှစ်ထိ ဆက်လက်လေ့လာမည်



**ပဲရစ် မတ် ၁၉**

ဥရောပ အာကာသအေဂျင်စီ၏ CHEOPS အာကာသယာဉ်သည် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များကို အနည်းဆုံး ၂၀၂၆ ခုနှစ်ထိတိုင် ဆက်လက်လေ့လာစူးစမ်းမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၈ ရက်က ရေးသားတင်ပြထားသည်။

CHEOPS အာကာသယာဉ်သည် အနည်းဆုံးနောင်သုံးနှစ်ကြာထိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များကို ဆက်လက်လေ့လာစူးစမ်း၍ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ကလွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်အတွက် ပစ်မှတ်များ ရှာဖွေပေးမည်ဖြစ်ကြောင်း ဥရောပအာကာသ အေဂျင်စီက သတင်း ထုတ်ပြန်ထားသည်။

ဥရောပ အာကာသအေဂျင်စီသည် CHEOPS အာကာသယာဉ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ပြင်သစ် ဂီယာနာမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် ကမ္ဘာဂြိုဟ်နှင့် နက်ပ်ကျွန်းဂြိုဟ်ကြား အရွယ်အစားရှိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များကို လေ့လာရေးအတွက် CHEOPS အာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် အဆိုပါ အာကာသယာဉ်၏ မစ်ရှင်သက်တမ်းကို ၂၀၂၉ ခုနှစ်ထိတိုင် ဆက်တိုးနိုင်ဖွယ်ရှိကြောင်း သိရသည်။

CHEOPS အာကာသယာဉ် ရှာဖွေပေးခဲ့သော နေအဖွဲ့အစည်းပြင်ပဂြိုဟ်များအနက် ထင်ရှားသောဂြိုဟ်တစ်စင်းမှာ WASP-103b အမည်ရှိ ဓာတ်ငွေ့ဂြိုဟ်ဖြစ်ကြောင်း သိရသည်။

KKO

## နာဆာက လကမ္ဘာပေါ်သို့စူးစမ်းလေ့လာရေးစနစ်များပို့ဆောင်ရေး ဖိုင်းယားဖလိုင်းအေရိုစပေ့စ်ကုမ္ပဏီကို ရွေးချယ်ထား

**ဝါရှင်တန် မတ် ၁၉**

လကမ္ဘာပေါ်သို့စူးစမ်းလေ့လာရေးစနစ်များပို့ဆောင်ရေးအတွက် ဖိုင်းယားဖလိုင်းအေရိုစပေ့စ်ကုမ္ပဏီကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ရွေးချယ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၈ ရက်က ရေးသားတင်ပြထားသည်။

CLPS အမည်ရှိမစ်ရှင်အရ လကမ္ဘာအခြားဘက်ခြမ်းသို့စူးစမ်းလေ့လာရေးစနစ်နှစ်ခု ပို့ဆောင်ရေးအတွက် ဖိုင်းယားဖလိုင်း အေရိုစပေ့စ်ကုမ္ပဏီ၏ Blue Ghost အမည်ရှိ လဆင်းယာဉ်ကို အသုံးပြုရန် နာဆာက စီစဉ်ထားကြောင်း သိရသည်။

လကမ္ဘာ အခြားဘက်ခြမ်းသို့ နာဆာကပို့ဆောင်ပေးမည့် စူးစမ်းလေ့လာရေးစနစ်များမှာ LUSEE - Night အမည်ရှိ လမျက်နှာပြင်သံလိုက်စက်ကွင်းလေ့လာရေးစနစ်နှင့် UT အမည်ရှိ ဆက်သွယ်ရေးစနစ်တစ်ခုတို့ဖြစ်ကြသည်။



နာဆာအဖွဲ့သည် Blue Ghost လဆင်းယာဉ်ကို အခြားလပတ်ဆက်သွယ်ရေးဂြိုဟ်တု တစ်စင်းနှင့်အတူ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်ကို ၂၀၂၄ ခုနှစ်တွင် Space-X အာကာသ နည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်လွှတ်တင်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် ကမ္ဘာဘက်မျက်နှာမူထားသည့် လကမ္ဘာဘက်ခြမ်းသို့ စူးစမ်းလေ့လာရေးစနစ် ၁၀ ခု ပေးပို့ရေးအတွက်လည်း ဖိုင်းယားဖလိုင်းအေရိုစပေ့စ် ကုမ္ပဏီကိုပင် ၂၀၂၁ ခုနှစ်က ရွေးချယ်ခဲ့ကြောင်း သိရသည်။

KKO

## သိပ္ပံပညာရှင်များ၏အဆိုအရ အငယ်စားနက်ပ်ကျွန်းအုပ်စုဝင် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းက လေထုလွှာနှင့်ရေထုကို ပိုင်ဆိုင်ခဲ့ဖူး

**ဝါရှင်တန် မတ် ၁၉**

အသစ်ရှာဖွေတွေ့ရှိထားသော အငယ်စား နက်ပ်ကျွန်းအုပ်စုဝင် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းသည် လေထုလွှာကိုသော်လည်းကောင်း၊ သမုဒ္ဒရာရေထုကိုသော်လည်းကောင်း သို့မဟုတ် နှစ်မျိုးလုံးကိုသော်လည်းကောင်း ပိုင်ဆိုင်ခဲ့ဖူးပုံရကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၈ ရက်က ရေးသားတင်ပြထားသည်။

HD-2047496b ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၇၇ နှစ်ခန့်တွင် တည်ရှိသည်။

အမေရိကန် သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ HD-2047496b ဂြိုဟ်၏ ကျောက်သားမျက်နှာပြင်ကို ရေထု သို့မဟုတ် လေထုလွှာဓာတ်ငွေ့ထုက ဖုံးလွှမ်းထားခဲ့ဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် ဓာတ်ငွေ့လေထုလွှာနှင့် ရေထုလွှာနှစ်မျိုးစလုံးသည်လည်း ရေရှည်မတည်တံ့ခဲ့သည့်တိုင် အဆိုပါဂြိုဟ်ကိုဖုံးလွှမ်းထားခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

HD-2047496b ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေအထက် အချင်းအရ ၂ ဒသမ ၂၅ ဆ ပိုကြီးပြီး ဒြပ်ထုအားဖြင့် ၆ ဒသမ ၁ ဆ ပိုကြီးမားသည်။

အဆိုပါဂြိုဟ်သည် မိခင်ကြယ်ကို မိုင်ပေါင်း ၅ ဒသမ ၈ သန်းအကွာမှတစ်ဆင့် ဗဟိုပြုလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။ KKO

# HEALTH

## ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားနေရသူများ၌ မျက်နှာမမှတ်မိမှုပြဿနာ ပေါ်လာနိုင်

**နယူးယောက် မတ် ၁၉**

ကိုဗစ်ရောဂါ လက္ခဏာများ ရေရှည် ဆက်ခံစားနေရသူများ၌ ရင်းနှီးကျွမ်းဝင်သူများ၏ မျက်နှာများကို မမှတ်မိမှုပြဿနာပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မတ် ၁၈ ရက်က ရေးသားတင်ပြထားသည်။

ကိုဗစ်ရောဂါ ရေရှည်ဆက်ခံစားရသူတချို့၌ Prosopagnosia ခေါ် သိကျွမ်းသူများ၏ မျက်နှာကို မမှတ်မိမှုပြဿနာပေါ်လာနိုင်ခြေရှိတတ်ကြောင်း အမေရိကန်နိုင်ငံ ဒါသိမောက်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါ လက္ခဏာများ ရေရှည်ခံစားခဲ့ရပြီးနောက် Prosopagnosia ပြဿနာပေါ်ထွက်လာသူ အမျိုးသမီးတစ်ဦးကို လေ့လာပြီးနောက် ၎င်းတို့၏အဆိုကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် ကိုဗစ်ရောဂါလက္ခဏာများရေရှည်ဆက်ခံစားရမှုနှင့် Prosopagnosia ပြဿနာတို့ကြား မည်သို့မည်ပုံဆက်စပ်နေနိုင်သည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း၊ မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Prosopagnosia ပြဿနာသည် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားရမှုပြဿနာ၏ လက္ခဏာတစ်ရပ်ဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။ KKO

## စိတ်ကျဝေဒနာကို ကုသရာတွင် မက်ချာလက်ဖက်စိမ်းရည်က အထောက်အကူပြုနိုင်

**တိုကျို မတ် ၁၉**

မက်ချာ (Matcha)ခေါ် လက်ဖက်စိမ်းရည်တစ်မျိုးသည် စိတ်ကျဝေဒနာကိုကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မတ် ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဂျပန်နိုင်ငံမှ သုတေသနပညာရှင်များသည် ရက်သတ္တတစ်ပတ်ကြာ တစ်ကောင်တည်းပိတ်လှောင်ထားမှုကြောင့် စိတ်ကျဝေဒနာဝင်နေသော ကြွက်များကို မက်ချာလက်ဖက်စိမ်းကျွေး၍ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ မက်ချာလက်ဖက်စိမ်းကျွေးမွေးထားသည့် ကြွက်များ၏ စိတ်ကျရောဂါလက္ခဏာများမှာ အခြားအရည်တစ်မျိုးကိုသာတိုက်ကျွေးထားသော ကြွက်များထက် ပို၍နည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မက်ချာ လက်ဖက်စိမ်းသည် စိတ်ခံစားမှုအခြေအနေကို မြှင့်တင်ပေးနိုင်သည့် ဒိုပါမိုင်း(Dopamine)ခေါ် ဟော်မုန်းတစ်မျိုးပေါ်ထွက်မှုကို လှုံ့ဆော်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မက်ချာ လက်ဖက်စိမ်းရည်သည် ဦးနှောက်၏ ဒိုပါမိုင်းဟော်မုန်းထုတ်လုပ်မှုကို စေ့ဆော်ပေးခြင်းဖြင့် စိတ်ကျဝေဒနာအပေါ် အကျိုးသက်ရောက်မှု ရှိသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

လက်ဖက်စိမ်းရွက်ကို အမှုန့်ပြုလုပ်၍ ဖျော်သောက်ရသည့် မက်ချာလက်ဖက်စိမ်းရည်ကို ဂျပန်အပါအဝင် အရှေ့အာရှနိုင်ငံများ၌ လွန်ခဲ့သည့် နှစ်ရာပေါင်းများစွာကပင် သောက်သုံးခဲ့ကြကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# စီးရီးအေဘောလုံးသမိုင်းတွင် အသက်အကြီးဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် အီဗရာဟီမိုဗစ်ချ် မှတ်တမ်းဝင်

**မီလန် မတ် ၁၉**

အေစီမီလန်အသင်းသည် စီးရီးအေအမှတ်ပေးပြိုင်ပွဲတွင် အူဒီးနီးစ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးအီဗရာဟီမိုဗစ်ချ်အနေဖြင့် စီးရီးအေဘောလုံးသမိုင်းတွင် အသက်အကြီးဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က စီးရီးအေဘောလုံးသမိုင်းတွင် အေစီမီလန်အသင်း၌ ကစားခဲ့သည့် ကစားသမားဟောင်း ကော့စတာကူတာက အသက် ၄၁ နှစ် ၂၅ ရက်ဖြင့် အသက်အကြီးဆုံးဂိုးသွင်းယူနိုင်သူအဖြစ် ရပ်တည်ခဲ့သော်လည်း လက်ရှိတွင် တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်က အူဒီးနီးစ်အသင်းကို ပင်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် အသက် ၄၁ နှစ် ၁၆၆ ရက်ဖြင့် အသက်အကြီးဆုံးဂိုးသွင်းယူသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အေစီမီလန်အသင်းသည် အူဒီးနီးစ်အသင်းကို အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ပွဲအစပိုင်းတွင် ပြိုင်ပွဲအပေါ် အာရုံစိုက်မှု နည်းပါးနေသဖြင့် ပွဲချိန် ကိုးမိနစ်တွင် အူဒီးနီးစ်အသင်း၏ ဦးဆောင်ခြင်းကို ခံရပြီးနောက် တိုက်စစ်မြှင့်တင်နိုင်ခဲ့ရာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင်ခဲ့သောကြောင့် ပွဲချိန် ၄၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ချေပဂိုးရရှိခဲ့ပြီး အူဒီးနီးစ်အသင်းက တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့ရာ ပထမပိုင်း နာကျင်အချိန်ပိုတွင် ဦးဆောင်ဂိုး ပြန်လည်ခွင့်ပြုခဲ့ရသည်။

ဒုတိယပိုင်းတွင် အေစီမီလန်အသင်းက လူစားလဲမှုများပြုလုပ်ကာ ဖိအားပေးခဲ့သော်လည်း ခံစစ်ပိုင်းအားနည်းချက်ကြောင့် ပွဲချိန် မိနစ် ၇၀ တွင် တတိယဦးဆောင်ဂိုး ထပ်မံခွင့်ပြုလိုက်ရသဖြင့် သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ML



**စပိန်လာလီဂါ ပွဲစဉ် (၂၆) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၀ | မာယော့ကာ |
| အိုဆာဆူနာ | ၀ | - | ၃ | ဗီလာရီးရဲလ် |
| ဆိုစီဒက် | ၂ | - | ၀ | အယ်ချီ |

**ပရီးမီးယားလိဂ် ပွဲစဉ် (၂၈) ရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၄ | - | ၁ | ပဲလေ့စ် |

(ဝ၄ဝ)

## အားကစားသတင်း အတိုအထွာများ

- ဗီအက်စ်ဂျီအသင်းက နာပိုလီအသင်းတွင် ခြေစွမ်းပြကစားနေသည့် ကာဗာရက်ရှီလီယာကို ယူရို သန်း ၁၈၀ ဖြင့်ခေါ်ယူရန် ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။
- ဘုန်းမောက်အသင်းမှ ကင်ဆာရောဂါကြောင့် ကာလရှည်အနားယူနေရသည့် ကွင်းလယ်ကစားသမား ဒေးဗစ်ဘရွတ်အေဗီလာအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ကြောင်း သိရသည်။

ML

# အက်ဖ်အေဖလားပြိုင်ပွဲတွင် ဘန်လေကို ခြောက်ဂိုးသွင်းယူခဲ့သည့် မန်စီးတီးအသင်း ဆီမီးဖိုင်နယ်သို့တက်ရောက်



**မန်ချက်စတာ မတ် ၁၉**

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပရီးမီးယားလိဂ်ကလပ် မန်စီးတီးအသင်းနှင့် ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းတို့တွေ့ဆုံခဲ့ရာ မန်စီးတီးအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက ၃-၂-၄-၁ ကစားကွက်ဖြင့် တိုက်စစ်မှူး ဟာလန်းကို အထောင်တိုက်စစ်နေရာတွင် အသုံးပြု၍ ပွဲထွက်လာခဲ့ရာ ပွဲအစကတည်းက ကစားကွက်ပိုင်းအသာဖြင့် ဘန်လေအသင်းကို ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၃၂ မိနစ်၊ ၃၅ မိနစ်တို့တွင် တိုက်စစ်မှူး ဟာလန်းက ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘန်လေအသင်းသည် လူစားလဲမှုများပြုလုပ်ကာ တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ကစားသမားစုဖွဲ့မှု အားနည်းချက်နှင့် အဝေးကွင်းလာရောက် ကစားရမှုတို့ကြောင့် မန်စီးတီးအသင်း၏တိုက်စစ်ဆင်မှုများကိုသာ ခံခဲ့ရသဖြင့် ပွဲကစားချိန် ၅၉ မိနစ်တွင် ဟာလန်းက တတိယဦးဆောင်ဂိုး၊ ပွဲချိန် ၆၂ နှင့် ၇၃ မိနစ်တွင် အယ်ဗာရက်ဇ်၊ ပွဲချိန် ၆၈ မိနစ်တွင် ပယ်လ်မာတို့က ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သဖြင့် ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ခရိုအေးရှားဘောလုံးအဖွဲ့ချုပ်က နည်းပြ ဒါလစ်ကို လာမည့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**ဇာဂရက် မတ် ၁၉**

ခရိုအေးရှားဘောလုံးအဖွဲ့ချုပ်က ၂၀၂၂ ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းအား တတိယဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြဒါလစ်ကို လာမည့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ခဲ့သည်ဟု ကြေညာခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခရိုအေးရှား အသင်းသည် ၂၀၁၇ ခုနှစ်က နည်းပြဒါလစ်ကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း ၎င်းအနေဖြင့် အသင်းအား ပုံစံကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့သောကြောင့် ကာလရှည်စာချုပ် ထပ်မံချုပ်ဆိုခဲ့ပြီး ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခရိုအေးရှားအသင်း၏ မျိုးဆက်သစ်လူငယ် ကစားသမားများကို ဦးဆောင်၍ အသင်းအားဗိုလ်လုပွဲစဉ်ထိပို့ဆောင်ကာ ပြင်သစ်အသင်းကို ၄-၂ ဂိုးဖြင့်ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယဆုသာ ရရှိခဲ့သည်။

ထို့ပြင် နည်းပြဒါလစ်သည် ၂၀၁၈ ခုနှစ်ကထက် စွမ်းဆောင်ရည်ပိုင်းကျဆင်းလာသည့် ခရိုအေးရှားအသင်းက ပြီးခဲ့သည့် ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အကောင်းဆုံးဦးဆောင်ကာ ဆီမီးဖိုင်နယ်အဆင့်ထိပို့ဆောင်နိုင်ခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် အာဂျင်တီးနားအသင်းကို သုံးဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီး တတိယနေရာလုပွဲကစားခဲ့ရာ မော်ရိုကိုအသင်းနှင့်တွေ့ဆုံခဲ့ကာ နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ခရိုအေးရှားပြည်သူများအတွက် တတိယကြေးတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့သောကြောင့် ခရိုအေးရှား ဘောလုံးအဖွဲ့ချုပ်က ၎င်းကိုဂုဏ်ပြုသည့်အနေဖြင့် ၂၀၂၄ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း နောက်ထပ်သက်တမ်း နှစ်နှစ် တိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

# တရုတ်နိုင်ငံလေ့ကျင့်ရေးခရီးစဉ်ခြေစမ်းပွဲတွင် မြန်မာအမျိုးသမီးအသင်းနှင့် Sichuan FC အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်

**ရန်ကုန် မတ် ၁၉**

၂၀၂၄ ပဲရစ် အိုလံပစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံတွင်လေ့ကျင့်ရေးခရီးစဉ် ရောက်ရှိနေသည့် မြန်မာအမျိုးသမီး အသင်းသည် ယနေ့ ညနေပိုင်းတွင် တရုတ်နိုင်ငံ ကူမင်းမြို့၌ တရုတ်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းဖြစ်သည့် Sichuan FC အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး နှစ်သင်းစလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၅၃ မိနစ်တွင် တန်ဟန်က Sichuan FC အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက်ပိုင်း မြန်မာအမျိုးသမီးအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေး ကစားခဲ့ရာမှ ပွဲချိန် ၈၂ မိနစ်တွင် ပုံပုံပြည့်မောင်က ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။



မြန်မာအမျိုးသမီးအသင်းသည် တရုတ်နိုင်ငံ လေ့ကျင့်ရေးခရီးစဉ်အတွင်း ပထမဆုံးခြေစမ်းပွဲစဉ်အဖြစ် ကမ္ဘောဒီးယားအမျိုးသမီးအသင်းနှင့်ကစားခဲ့ရာ လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တတိယမြောက် ခြေစမ်းပွဲစဉ်အဖြစ် လာမည့် မတ် ၂၂ရက်တွင် တရုတ်အမျိုးသမီးကလပ်အသင်းတစ်သင်းဖြစ်သည့် Changchun FC အသင်းနှင့် ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Indian Wells Masters အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဆင့်သို့ မျက်ဒဗျက်နှင့် အယ်ကာရက်ဇ်တို့တက်ရောက်

**ကယ်လီဖိုးနီးယား မတ် ၁၉**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Indian Wells Masters အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်က အမေရိကန်တင်းနစ်ကစားသမား တီယာဖိုးနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။




မျက်ဒဗျက်နှင့် တီယာဖိုးတို့ပွဲစဉ်တွင် မျက်ဒဗျက်က (၇-၅ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး အယ်ကာရက်ဇ်နှင့်ဂျန်နစ်ခ်ဆင်နာတို့ပွဲစဉ်တွင် အယ်ကာရက်ဇ်က (၇-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစားနေသည့်ကစားသမားနှစ်ဦး ဗိုလ်လုပွဲစဉ်သို့တက်ရောက်လာခဲ့ခြင်းဖြစ်ပြီး အကြိတ်အနယ်ရှိသည့် ဗိုလ်လုပွဲစဉ်တစ်ပွဲဖြစ်လာမည်ဖြစ်သည်။

အယ်ကာရက်ဇ်သည် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်ရေးအတွက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန်အရေးကြီးပြီး ဂျိုကိုဗစ်ပါဝင်ကစားနိုင်ခြင်း မရှိသေးသည့်အခြေအနေတွင် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ထားသည်။

မျက်ဒဗျက်သည်လည်း ကမ္ဘာ့အဆင့်(၁)နေရာကို စွန့်လွှတ်ခဲ့ရပြီး နောက်ပိုင်း ရလဒ်များဆိုးရွားကာ ကမ္ဘာ့အဆင့်(၆)နေရာထိ ကျဆင်းခဲ့သည့်အတွက် ကမ္ဘာ့အဆင့်(၃)အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် အရေးကြီးသည့် ပွဲစဉ်တစ်ပွဲဖြစ်နေကြောင်း သိရသည်။

AZL

# LIV Golf Tucson ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်လိုက်ရှ်မန်း ဦးဆောင်

**အရီဇိုးနား မတ် ၁၉**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပနေသည့် LIV Golf Tucson ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား မက်လိုက်ရှ်မန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း YB သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်ဂေါက်သီးရိုက်ကစားသမား ဂါစီယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဘရန်ဒန်စတီလီ၊ ကင်မရွန်းထရန်ဂယ်၊ ချာလက်စ်ဟောင်ဝယ်နှင့် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား အိုသောင်ဇန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲ၏စနစ်အရ သုံးရက်သာ ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် မက်လိုက်ရှ်မန်းအနေဖြင့် လက်ရှိပုံစံကောင်းကိုသာ ထိန်းသိမ်းနိုင်ပါက နောက်ဆုံးနေ့တွင် ချန်ပီယံဆုကိုမျှော်လင့်၍ရနိုင်မည့်အခြေအနေဖြစ်သည်။

မက်လိုက်ရှ်မန်းက "ပြိုင်ပွဲက သုံးရက်ပဲဖြစ်တဲ့အတွက် အမှားခံလို့မရပါဘူး။ ဒါကြောင့် ပထမနေ့ကတည်းက ရလဒ်ကောင်းရဖို့အတွက် အကောင်းဆုံးကစားနိုင်အောင် ကြိုးစားခဲ့တာပါ။ ဒုတိယနေ့ထိတော့ ပုံစံကောင်းကိုထိန်းသိမ်းထားနိုင်ခဲ့ဖြစ်ပါတယ်။ နောက်ဆုံးနေ့ကို ရောက်လာပြီဖြစ်တဲ့အတွက် ပွဲအပေါ်မှာ ပိုပြီးတော့ အာရုံစိုက်နိုင်ဖို့လိုတယ်။ ပြိုင်ပွဲဝင်တွေအကြား ရိုက်ချက်တွေက ကွာဟမှုကျဉ်းမြောင်းတဲ့အတွက် နည်းနည်းလေးမှ အမှားခံလို့မရဘူး။ အမှားနည်းတဲ့သူက ချန်ပီယံဆုကိုဆွတ်ခူးသွားမှာပဲ။ ဒါကြောင့် ပထမနေ့နဲ့ ဒုတိယနေ့မှာ ကစားထားနိုင်တဲ့ လက်စွမ်းမျိုးနဲ့ နောက်ဆုံးနေ့မှာလဲ ဆက်ကစားနိုင်မယ်ဆိုရင်တော့ ကျွန်တော့်မျှော်လင့်ထားတဲ့ အရာတွေ သေချာပေါက်ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လုပ်ခလစာအများဆုံးအသုံးပြုထားသည့် အသင်းအဖြစ် ချဲလ်ဆီးအသင်းထိပ်ဆုံး၌ ရပ်တည်

**လန်ဒန် မတ် ၁၉**

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကစားသမားများအတွက် လုပ်ခလစာအများဆုံးအသုံးပြုထားသည့် အသင်းအဖြစ် ချဲလ်ဆီးအသင်းက ထိပ်ဆုံး၌ ရပ်တည်လျက်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ချဲလ်ဆီးအသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် အမေရိကန်လုပ်ငန်းရှင် တော့ဘိုလီကပိုင်ဆိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလနှင့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလတို့တွင် ထိပ်တန်း ကစားသမားများကို ခေါ်ယူခဲ့ပြီးနောက် ပေးချေနေရသည့် လုပ်ခလစာများမှာလည်း မြင့်မားလာခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကစားသမားများအတွက် လုပ်ခလစာပေးချေမှုအများဆုံးစာရင်းတွင် ချဲလ်ဆီးအသင်းက စတာလင်ပေါင် ၂၁၂ ဒသမ ၀၉၀ သန်းဖြင့် ထိပ်ဆုံး၌ ရပ်တည်နေပြီး ဒုတိယနေရာ၌ မန်ယူအသင်းက စတာလင်ပေါင် ၂၁၁ဒသမ၈၇၅ သန်းဖြင့် ရပ်တည်လျက်ရှိနေသည်။

ထို့နောက် မန်စီးတီးအသင်းက စတာလင်ပေါင် ၁၈၂ ဒသမ ၆၄၀ သန်းဖြင့် အဆင့်(၃)၊ လီဗာပူးအသင်းက ၁၅၈ ဒသမ ၇၈၈ သန်းဖြင့် အဆင့်(၄)၊ စပါးအသင်းက ၁၁၀ ဒသမ ၄၃၈ သန်းဖြင့်အဆင့်(၅)၊ အာဆင်နယ်အသင်းက အဆင့်(၆)၊ အေဗီလာအသင်းက အဆင့်(၇)၊ အဲဗာတန်အသင်းက အဆင့်(၈)၊ ဝက်စ်ဟမ်းအသင်းက အဆင့်(၉)နှင့် နယူးကာဆယ်အသင်းက အဆင့်(၁၀)နေရာတွင် အသီးသီးရပ်တည်ခဲ့ကြပြီး လုပ်ခလစာအနည်းဆုံး အသင်းအဖြစ် ဘရန့်ဖို့ဒ်အသင်းက စတာလင်ပေါင် ၃၀ ဒသမ ၁၇၀ သန်းဖြင့် အောက်ဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။

STA

# Valspar Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို အာဒမ်ချန် ဆက်လက်ဦးဆောင်

**ဖလော်ရီဒါ မတ် ၁၉**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား အာဒမ်ချန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စပိုက်နှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အာဒမ်ချန်သည် ဒုတိယနေ့တွင်လည်း အကောင်းဆုံးပုံစံဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး တတိယနေ့တွင်လည်း ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကာ အမှတ်ပေးဇယားအား ဆက်လက်ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်အားလုံး ရာသီဥတုအခြေအနေကြောင့် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ကြရပြီး အမှားအနည်းဆုံးဖြစ်အောင် ကစားထားနိုင်သည့် အာဒမ်ချန်ကအမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားနိုင်ခြင်းဖြစ်သည်။

အာဒမ်ချန်က "ဒီပြိုင်ပွဲဟာ အစဉ်အလာအရ ကစားရခက်တဲ့ ပြိုင်ပွဲဖြစ်သလို ရာသီဥတုအခြေအနေကြောင့်လဲ ပွဲကပိုပြီးတော့ ကစားရခက်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ကတော့ တတိယနေ့ထိ ကစားထားနိုင်တဲ့ရလဒ်ပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ ဒီပုံစံအတိုင်း နောက်ဆုံးပွဲပြီးဆုံးသွားတဲ့ထိ ဆက်လက်ထိန်းကစားသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ၂၀၂၃-၂၀၂၄ ဘောလုံးရာသီနောက်ပိုင်း ရှက်ဖီးလ်ယူနိုက်တက်အသင်း အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

**လန်ဒန် မတ် ၁၉**

ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီ နောက်ပိုင်း အက်ဖ်အေဖလား ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် ဘလက်ဘန်းအသင်းကို အိမ်ကွင်းတွင် လက်ခံကစားခဲ့ရာ၌ သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘလက်ဘန်းအသင်းက ပွဲချိန် ၂၁ မိနစ်တွင် ဘရီတွန်က ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် ဂယ်လာဟာက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် ရှက်ဖီးလ်ယူနိုက်တက်အသင်းက ချေပဂိုးရရှိခဲ့ကာ ဒုတိယပိုင်း မိနစ် ၆၀ တွင် ဆာမိုဒစ်က သွင်းယူခဲ့ပြီး ပွဲချိန် ၈၁ မိနစ်တွင် မက်ဘရူနီက ဒုတိယချေပဂိုးနှင့် ပွဲချိန် ၉၁ မိနစ်တွင် ဒိုင်လီက အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီက အက်ဖ်အေဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ပြီး နောက်ပိုင်းနှစ်များတွင် တက်ရောက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ယခုအခါမှသာ ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းနှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

## ပြင်သစ်လီဂူး ပွဲစဉ် (၂၈) ရလဒ်

| | | | | |
|---|---|---|---|---|
| အေဂျက်စီယို | ၀ | - | ၂ | မိုနာကို |
| မောင့်ပယ်လီယာ | ၂ | - | ၁ | ကလဲယားမောင့် |
| နိုက် | ၁ | - | ၁ | လိုရီယန့် |
| စထရာဘော့ | ၂ | - | ၀ | အော်ဇေး |
| ထရွိုင်းယက် | ၂ | - | ၂ | ဘရက် |

(၀၄၀)

# ၁၉၃၅ ခုနှစ် နောက်ပိုင်းပေါ်ပေါက်လာသည့် တက္ကသိုလ်နောက်ခံဝတ္ထုကြီး နှစ်အုပ်

ပုသိမ်အောင်သန်းဦး

၁၉၃၅ ခုနှစ်နောက်ပိုင်းတွင် တက္ကသိုလ်နောက်ခံ ဝတ္ထုစာအုပ်နှစ်အုပ် ထွက်လာသည်။ တစ်အုပ်မှာ ဆရာဇဝန၏ "ကောလိပ်ကျောင်းသား"ဝတ္ထုဖြစ်ပြီး တစ်အုပ်မှာ ဆရာသိန်းဖေမြင့်၏ "သပိတ်မှောက်ကျောင်းသား"ဝတ္ထုတို့ဖြစ်သည်။ နှစ်အုပ်စလုံးပင် မြန်မာစာပေလောကကို လှုပ်ရှားစေသည့် ဝတ္ထုများဖြစ်ကြသည်။

ဆရာဇဝနက"ကောလိပ်ကျောင်းသား"ဝတ္ထုကို ဟာသဝတ္ထုအဖြစ်ရေးပါသည်ဟု ဆိုထားသည်။ ဆိုထားသည့်အတိုင်း ထိုခေတ်က ဗျူရိုကရက်နှင့် ကြေးရည်တတ် သားသမီးတို့၏ စိတ်နေစိတ်ထားအမူအကျင့်တို့ကိုထင်ရှားပေါ်လွင်စေသည့် ဝတ္ထုဖြစ်သည်။

ဆရာဇဝနက သူ့ဝတ္ထုထဲမှ သိန်းဖေ၊ ဘဦး၊ ကျော်ဝင်း၊ အောင်မြင့်တို့သည် တက္ကသိုလ်သို့ ပညာသင်ရန် ရောက်ရှိလာခဲ့ကြသော်လည်း ကျောင်းစာထက်၊ နိုင်ငံရေးထက်၊ ပျော်ပျော်နေ၊ ပျော်ပျော်စား တစ်ဦးကိုတစ်ဦး နောက်ပြောင်ကာ အချိန်ဖြုန်းနေကြသည့် အရင်းရှင်သားသမီး တက္ကသိုလ်ကျောင်းသားတစ်စုအဖြစ် ပုံဖော်ကာရေးသားထားခြင်းဖြစ်သည်။ ပျော်ပျော်သာနေ ကိုယ့်လူရေ ဆိုသည့်ဇာတ်မျိုးဖြစ်သည်။

ဝတ္ထုရေးဖွဲ့မှု အတတ်ပညာပိုင်းတွင် ဖိုမစုံတွဲ အချစ်ဇာတ်လမ်းများကို အပြိုင်ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ သိန်းဖေနှင့်မအေးစိန်၊ ကျော်ဝင်းနှင့် မသန်းမြင့်၊ ဘဦးနှင့်မိမိတို့စုံတွဲသုံးတွဲ၏ အချစ်ဇာတ်လမ်းကို အပြိုင်ရေးဖွဲ့ထားပေသည်။

တက္ကသိုလ်နောက်ခံဝတ္ထုဖြစ်ခြင်းကြောင့် တက္ကသိုလ်ကျောင်းသားလူငယ်အစုအဖွဲ့ကို တင်ပြရလေသည်။ "ကောလိပ်ကျောင်းသား"ဝတ္ထုသည် ထိုခေတ်က ဇာတ်ဆောင်အစုအဝေးဖွဲ့ရာတွင် ထူးခြားသောဝတ္ထုဖြစ်သည်။

ဆရာဇဝန၏ "ကောလိပ်ကျောင်းသား"ဝတ္ထုအပေါ် ဆရာမလိခက ဤသို့ထောက်ပြထားပါသည်။

အကယ်၍ ထိုကာလကောလိပ်ကျောင်းသားအများစုသည် သိန်းဖေတို့လို လူမျိုးတွေဖြစ်စေဦး ထိုကာလကောလိပ်ကျောင်းသားများ၏ အမျိုးသားရေးလှုပ်ရှားမှုအပိုင်းကို ခြွင်းချန်ထားခဲ့သည်မှာမူ "ကောလိပ်ကျောင်းသား"ဝတ္ထု၏ ချွတ်ယွင်းချက်ဖြစ်သည်ဟု ဆိုရပေမည်။ အကြောင်းမူ တက္ကသိုလ်၌ ၁၉၃၀-၁၉၃၁ ခုနှစ်လောက်ကပင် သပိတ်မှောက်အရေးအခင်းများ စတင်လှုပ်ရှားခဲ့လေသည်။ "ကောလိပ်ကျောင်းသား"ဝတ္ထု စတင်ရေးသားသော ကာလမတိုင်မီ ၁၉၃၄ ခုနှစ် ဒီဇင်ဘာလတွင်မှ တက္ကသိုလ်သပိတ်လှုပ်ရှားမှုသည် အတော်အတန် ပြင်းထန်လာခဲ့ပြီဖြစ်သည်။ ထိုကာလကား သခင်နု၊ သခင်အောင်ဆန်းတို့၏ သမဂ္ဂလှုပ်ရှားမှုအရှိန်အဝါကလည်း ပြင်းထန်လာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ ထိုကဲ့သို့ တက္ကသိုလ်နယ်မြေတွင် သပိတ်အရေးအခင်းများ ပိုမိုပြင်းထန်စွာလှုပ်ရှားနေသောကာလ၌ ရေးဖွဲ့သော "ကောလိပ်ကျောင်းသား"ဝတ္ထုတွင် သမဂ္ဂ၏လှုပ်ရှားမှုအခန်းကဏ္ဍများပျောက်ကွယ်ကာ သိန်းဖေလိုလူမျိုးအကြောင်းကိုသာရေးဖွဲ့ခြင်းဖြင့် ထိုကာလ တက္ကသိုလ်ကျောင်းသားဟူသမျှသည် သိန်းဖေလို လူပြက်များချည်းပေတကားဟုပင် ထင်မှတ်စဖွယ်ရှိပေသည်ဟု မှတ်ချက်ပြုထားပါသည်။

ဆရာဇဝနကလည်း "ကောလိပ်ကျောင်းသား" တတိယနှိပ်ခြင်းအမှာစာတွင် ဤဝတ္ထု၌ ချွတ်ယွင်းချက်လေးများ ပါရှိနေကြောင်း၊ ထိုကာလ သူ၏ အတွေးအခေါ်များမှာ နက်နက်နဲနဲရှိသည်ဟု မဆိုနိုင်ကြောင်း၊ ဤဝတ္ထုကို အရွှန်းနှင့်အလွမ်းပေါ်တွင်သာလျှင် အုတ်မြစ်ချခဲ့ကြောင်း တင်ပြထားသည်ကို တွေ့ရပါသည်။

ဆရာဇဝန၏ ကောလိပ်ကျောင်းသားသည် ၁၉၃၅-၁၉၃၆ ခုနှစ်အတွင်း ထင်ရှားခဲ့သည့် ဝတ္ထုဖြစ်သည်။ ထိုခေတ်က အရောင်းရသွက်သောဝတ္ထုလည်းဖြစ်သည်။ "ကောလိပ်ဂျင်"အမည်ဖြင့် ရုပ်ရှင်ရိုက်သောအခါ ပို၍ထင်ရှားလူသိများလာရုံမက မြန်မာရုပ်ရှင်လောကတွင် "ကောလိပ်ဂျင်နေဝင်း" ဟူသော ဇာတ်လိုက်တစ်ဦး ပေါ်ပေါက်လာသည်ထိ နာမည်ကြီးခဲ့သည်။

သို့သော် သိန်းဖေကဲ့သို့သော နိုင်ငံရေးကိုဆန့်ကျင်သည့် ကျောင်းသား၊ အမျိုးသားရေးကို မေ့လျော့သော ကျောင်းသားဖြစ်လေရာ နည်းယူဖွယ်၊ အတုယူဖွယ် ကျောင်းသားမျိုးကား မဟုတ်ပေ။ ရွတ်ချဖွယ်၊ ပြက်ရယ်ပြုဖွယ် ကျောင်းသားမျိုးအဖြစ် သတိပြုဆင်ခြင်ရပေမည်။

**❖ ၁၉၃၄ ခုနှစ် ဒီဇင်ဘာလတွင်မှ တက္ကသိုလ်သပိတ်လှုပ်ရှားမှုသည် အတော်အတန် ပြင်းထန်လာခဲ့ပြီဖြစ်သည်။ ထိုကာလကား သခင်နု၊ သခင်အောင်ဆန်းတို့၏ သမဂ္ဂလှုပ်ရှားမှုအရှိန်အဝါကလည်း ပြင်းထန်လာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ ထိုကဲ့သို့ တက္ကသိုလ်နယ်မြေတွင် သပိတ်အရေးအခင်းများ ပိုမိုပြင်းထန်စွာလှုပ်ရှားနေသောကာလ၌ ရေးဖွဲ့သော "ကောလိပ်ကျောင်းသား"ဝတ္ထုတွင် သမဂ္ဂ၏လှုပ်ရှားမှုအခန်းကဏ္ဍများ ပျောက်ကွယ်ကာ သိန်းဖေလိုလူမျိုးအကြောင်းကိုသာ ရေးဖွဲ့ခြင်းဖြင့် ထိုကာလ တက္ကသိုလ်ကျောင်းသားဟူသမျှသည် သိန်းဖေလိုလူပြက်များချည်းပေတကားဟုပင် ထင်မှတ်စဖွယ်ရှိပေသည်ဟု မှတ်ချက်ပြုထားပါသည်။ ❖**

ဆရာဇဝနကား ပြည်မြို့ဇာတိဖြစ်သည်။ အမည်ရင်း ဦးသိန်းဖြစ်သည်။ ၁၉၃၅-၁၉၄၀ ပြည့်နှစ်တွင် မြန်မာ့အလင်းသတင်းစာ၌ ဘာသာပြန်အယ်ဒီတာ၊ မြန်မာ့အလင်းမဂ္ဂဇင်း၏တွဲဖက်အယ်ဒီတာ၊ ၁၉၄၂ ခုနှစ်တွင် စာရေးဆရာအသင်း မဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၄၆ ခုနှစ်တွင် ဇဝနဂျာနယ်၊ ၁၉၄၇ ခုနှစ်တွင် ဇဝနသတင်းစာကိုထုတ်ဝေခဲ့ပြီး ဂျာနယ်ကျော်၊ ဒီးဒုတ်၊ အိုးဝေတို့တွင် တာဝန်ခံအယ်ဒီတာ လုပ်ခဲ့သည်။

အပါပုံပြောမယ်(ဇဝနပုံပြင်)၊ ဦးလေးပြောမယ်၊ ရွှေဝါဆန်(၁၉၄၅)၊ ဆိုးပေဝတ္ထုများသည် ကလေးဘသရုပ်ဖော် ဆရာဇဝန၏ထူးခြားသော ကလေးဝတ္ထုများဖြစ်သည်။

**၁၉၃၈ ခုနှစ်တွင် ပေါ်ပေါက်လာသည့် ဆရာသိန်းဖေမြင့်၏ "သပိတ်မှောက်ကျောင်းသား"ဝတ္ထု**

ဆရာသိန်းဖေမြင့်၏ "သပိတ်မှောက်ကျောင်းသား"ဝတ္ထုမှ ဇာတ်လိုက် ညိုထွန်းသည် တိုးတက်သည့် နိုင်ငံရေးစိတ်ရှိသော တက္ကသိုလ်ကျောင်းသားဖြစ်သည်။ မိဘများမှာ လူလတ်တန်းစားများဖြစ်သည်။ မန္တလေးကောလိပ်မှ အိုင်အေအောင်ပြီး ရန်ကုန် တက္ကသိုလ်တွင် ပညာသင်ယူနေသူဖြစ်သည်။

တက္ကသိုလ်ကျောင်းသားများ အမှုဆောင်ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌ ကိုနု၊ ဒုတိယဥက္ကဋ္ဌ ကိုမြ၊ အတွင်းရေးမှူး ညိုထွန်း၊ ငွေထိန်းဘနားဂျီ စသူတို့ အရွေးခံရသည်။ နောင်သမဂ္ဂသည် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ အာဏာပိုင်များ၏ ရန်သူဖြစ်လာသည်။

သီတင်းကျွတ် ကျောင်းပိတ်ရက်များတွင် ညိုထွန်းနှင့်ညိုမြ၊ ကျော်သိန်းတို့သည် ကမာရွတ်ထဲရှိ အလုပ်သမားများကို စာသင်ပေး၏။ အမျိုးသားနေ့တွင် တက္ကသိုလ်ကျောင်းသားများ ပါဝင်လှုပ်ရှားကြသည်။ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုနု မိန့်ခွန်းပြောသည်။ ကိုနု၏ ရဲရဲတောက်မိန့်ခွန်းကြောင့် ကိုနု၏ ခေါင်းဆောင်မှုမှာ ထင်ရှားလာသည်။

မကြာမီ ကမာရွတ်၌ ချည်စက်ရုံတစ်ရုံ သပိတ်မှောက်သည်။ ညိုထွန်းတို့ ကျောင်းသားများဝင်ရောက်ကူညီကြသည်။ တရားဟောသည်။ ကျောင်းအုပ်ဆရာကြီးက ညိုထွန်းကို နိုင်ငံရေးမလုပ်ရန် တားမြစ်သည်။ ညိုထွန်းက မလိုက်နာ၊ ထို့ကြောင့် ညိုထွန်းကို စာမေးပွဲဖြေခွင့်မပေးဟူသော အမိန့်ထွက်လာသည်။ ကျောင်းသားအချို့ကိုလည်း စာမေးပွဲဖြေခွင့်မပေး ဟူသော သတင်းများထွက်လာသည်။ မန္တလေးကောလိပ်တွင်လည်း အလားတူ သတင်းများထွက်လာသည်။ ဤသို့ဖြင့် ကျောင်းသားလှုပ်ရှားမှုအဟုန်သည် ပြင်းထန်စပြုလာသည်။

မကြာမီကျင်းပသော သမဂ္ဂအစည်းအဝေး၌ ဥက္ကဋ္ဌ ကိုနုသည် တက္ကသိုလ်အာဏာပိုင်များကို ဆန့်ကျင်တိုက်ခိုက်သော မိန့်ခွန်းပြော၏။ ထိုမိန့်ခွန်းကြောင့် ကိုနုကို တက္ကသိုလ်ကျောင်းမှထုတ်ပယ်လိုက်၏။ ကိုနုသည် ဘီအေဘွဲ့ကို ပြန်အပ်သည်။ ကိုနုကို ကျောင်းထုတ်ခြင်းသည် သမဂ္ဂကို စော်ကားရာရောက်သည်ဟုယူဆကာ သပိတ်မှောက်ရန် ဆုံးဖြတ်ကြသည်။

တကယ်တော့ ကျွန်ပညာနှင့်ဖိနှိပ်အုပ်ချုပ်သော တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်တိုက်ဖျက်ခြင်းသည် သပိတ်မှောက်ခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ပေသည်။ သပိတ်မှောက်ကျောင်းသား၊ ကျောင်းသူများသည် ရွှေတိဂုံစေတီရင်ပြင်သို့ စုဝေးရောက်ရှိလာကြပြီး အခွင့်အရေးတောင်းဆိုချက်များကို စည်းဝေးဆုံးဖြတ်ကြ၏။

ညိုထွန်းက မန္တလေးသို့တက်ကာ မန္တလေးကောလိပ် ကျောင်းသား၊ ကျောင်းသူများ သပိတ်မှောက်ကြရန် စည်းရုံး၏။ မန္တလေးကောလိပ်မှလည်း သပိတ်တိုက်ပွဲများ ဆင်နွှဲလာကြ၏။ ထို့ပြင် ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းများမှလည်း သပိတ်မှောက်ကျောင်းသားကြီးများနှင့် ပူးပေါင်းလာကြ၏။ စာမေးပွဲစစ်ချိန်ရောက်လာပြီဖြစ်သော်လည်း စာမေးပွဲများ မကျင်းပနိုင်၊ စာမေးပွဲရက်များရွှေ့ပြောင်းရတော့သည်။

ကျောင်းသားအချို့ မိဘများထံပြန်ကြ၏။ ညိုထွန်း ချစ်မြတ်နိုးနေသည့် မထားမြင့်လည်း ပြန်သွား၏။ ကျော်သိန်းမှာ သပိတ်မှောက်သည့်အတွက် ဦးလေးဖြစ်သူ၏ အပြစ်တင်စာရောက်လာသဖြင့် စိတ်ပျက်စပြုလာ၏။ သပိတ်မှောက်စခန်းတွင် အမာခံကျောင်းသားများသာ ကျန်တော့၏။ ညိုထွန်းမှာ အလုပ်ပင်ပန်းသဖြင့် ဖျားနာကာ အိပ်ရာတွင်လဲလေသည်။ သပိတ်စခန်းတွင် မနေသင့်ဟူသော ဆရာဝန်၏ ထောက်ခံချက်ကြောင့် ကမာရွတ်သို့ ရွှေ့နေရ၏။

ထိုကာလတွင် ဘနားဂျီ၊ ကိုမြတို့က အာဏာပိုင်များနှင့် ညှိနှိုင်းကာ သပိတ်လှန်လိုကြ၏။ အချို့က သပိတ်ဆက်မှောက်လိုကြ၏။ ကိုနုကား ဘနားဂျီတို့၏ အခြေအနေကို အကဲမခတ်မိဘဲ ပုတီးသာတွင်တွင်စိပ်နေ၏။ မကြာမီ ဘနားဂျီတို့၏ သပိတ်လှန်ရေး အယူအဆသမားများ အင်အားကြီးလာ၏။ ညိုထွန်းမှာ မခံမရပ်နိုင်ဖြစ်နေ၏။ သို့ဖြင့် သပိတ်လှန်ရေး၊ မလှန်ရေး ပဋိပက္ခသည် ပြင်းထန်လာသည်။ ဆုံးဖြတ်ရမည့် အခြေအနေသို့ ဆိုက်ရောက်လာ၏။ တစ်ဖက်နှင့် တစ်ဖက် အငြင်းအခုန်များ ပြင်းထန်လာ၏။

ထိုအချိန် ညိုထွန်းသည် မထူနိုင် မထောင်နိုင်ဖြစ်နေသည့်ကြားမှ အစည်းအဝေးသို့ တက်လာ၏။ ညိုထွန်းက သပိတ်ဆက်မှောက်ရေးဘက်မှ ခုခံပြောဆိုသည်။ ညိုထွန်း အားပြတ်ပြီး လဲကျသွားသည်။ သပိတ်လှန်ရေးသမားတို့ အနိုင်ရရှိသွားလေသည်။

တကယ့်အဖြစ်အပျက်ကို နောက်ခံပြုကာရေးသားထားသော ဝတ္ထုကြီးဖြစ်သည်။ ကိုနု၊ ကိုအောင်ဆန်း၊ ကိုထွန်းအုံ၊ ကိုလှဖေ၊ ကိုသီဟန်တို့ ခေါင်းဆောင်သော ကျောင်းသားလှုပ်ရှားမှု (ဒုတိယကျောင်းသားသပိတ်)နောက်ခံဝတ္ထုဖြစ်သည်။ "သပိတ်မှောက်ကျောင်းသား"ဝတ္ထုအပေါ် ဆရာ မလိခက ဤသို့ သုံးသပ်ထားပါသည်။

သပိတ်မှောက်ကျောင်းသားဝတ္ထုသည် ဝတ္ထုပုံစံထက် ဖြစ်ရပ်မှန်မှတ်တမ်းတင်သဘော လွန်ကဲသည်ဟု ဆိုပါမည်။ အထူးသဖြင့် ကမ္ဘာ့ဝတ္ထုများ၏ အစဉ်အလာနှင့် မြန်မာဝတ္ထုများ၏ အစဉ်အလာတို့ပူးပေါင်း၍ ဖြစ်ထွန်းလာစဖြစ်သော ထိုခေတ်ကာလ မြန်မာဝတ္ထုများ၏ပုံစံနှင့်ကွဲလွဲသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်ဟု ဆိုရပေမည်။ သပိတ်မှောက်ကျောင်းသားသည် အစဉ်အလာလမ်းရိုးလိုက် ဝတ္ထုမျိုးကား မဟုတ်ပေ။ ဇာတ်လမ်း၏ မက်လုံးအဖြစ် စာရေးဆရာသည် ညိုထွန်း၊ မထားမြင့်၊ တင်မောင်၊ မောင်သောင်းဖေ၊ မောင်သန်းမြင့်၊ မသောင်းမေတို့၏ အချစ်ဇာတ်လမ်းများကို မှုန်ဝါးဝါးဖော်ပြထားစေကာမူ ဝတ္ထုဖတ်ပရိသတ်အနေဖြင့် စိတ်ကျေနပ်လောက်ဖွယ် ပုဂ္ဂိုလ်ရေးဇာတ်ပေါင်းခန်းများကိုလည်းကောင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဇာတ်အတက်အကျပိုင်းများကိုလည်းကောင်း အသားပေးဖော်ပြထားခြင်းမရှိပေ။ ၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားတို့၏ သပိတ်မှောက်အရေးတော်ပုံကြီးကိုသာ အဓိကဇာတ်ကြောင်းပြုရေးဖွဲ့ထားခြင်းဖြစ်ပေသည်။

သပိတ်မှောက်ကျောင်းသားသည် ဆရာသိန်းဖေမြင့်၏ အစောပိုင်းဝတ္ထုများတွင် ထင်ရှားသော ဝတ္ထုရှည်ကြီးဖြစ်ပေသည်။ ဆရာသိန်းဖေမြင့်၏ ထင်ရှားသောဝတ္ထုများမှာ တက်ခေတ်နတ်ဆိုး(၁၉၄၀)၊ တက်ဘုန်းကြီး(၁၉၃၇)၊ အရှေ့က နေဝန်းထွက်သည့်ပမာ(၁၉၅၈)၊ အတ္ထုပ္ပတ္တိစာအုပ်များမှာ ဆရာလွန်းအတ္ထုပ္ပတ္တိ၊ ဇာတ်ဆရာဦးဖိုးစိန်၊ ကျော်ငြိမ်း၊ ခရီးသွားနှင့်နိုင်ငံရေးစာပေများမှာ ကုလား-ဗမာတိုက်ပွဲ၊ နေရစ်တော့ ခေတ်ဟောင်း၊ စစ်အတွင်း ခရီးသည်၊ တော်လှန်ရေးကာလ နိုင်ငံရေးအတွေ့အကြုံများ၊ ချစ်ကြည်ရေးခရီးသည်၊ အနောက်ကိုလျှောက်ပါလို့ အရှေ့ကိုမျှော်လိုက်ရင်၊ ဗိသေသတိုင်းသမိုင်းအစ၊ မော်စီတုန်း တရုတ်နှင့်မြန်မာ့အချုပ်အခြာအာဏာ၊ တိုက်ပွဲဝင်စာများ၊ သိန်းဖေမြင့်ဝတ္ထုတိုပေါင်းချုပ်၊ ဦးစောဘီလပ်သွားပြဇာတ်တို့မှာလည်း ထင်ရှားပါသည်။

**ကိုးကား**

**- မလိခ-မြန်မာဝတ္ထုအညွှန်း အမှတ် ၁၊ ၂**

# အိမ်ထောင် (The Marriage) ရုပ်သံဇာတ်လမ်းတွဲကို မဟာအပလီကေးရှင်းနှင့် Channel K ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်မည်




**ရန်ကုန် မတ် ၁၉**

အိမ်ထောင်(The Marriage) ရုပ်သံဇာတ်လမ်းတွဲကို မဟာ အပလီကေးရှင်းနှင့် Channel K ရုပ်သံလိုင်းတို့မှ ဧပြီလအတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင် သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချောရတနာက ပြောပြ၍ သိရသည်။

အိမ်ထောင်(The Marriage) ရုပ်သံဇာတ်လမ်းတွဲကို အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူး ထုတ်လုပ်ထားပြီး အဆိုပါရုပ်သံ ဇာတ်လမ်းတွဲ၏ ဇာတ်ညွှန်းကို သီလံက ရေးသားထားကာ ဝတ္ထု ဇာတ်လမ်းကို စာရေးဆရာ လူညို ချောနှင့် လုံမတို့က ရေးသားထား ခြင်းဖြစ်ကြောင်း၊ ဒါရိုက်တာ မယ်မင်းဘုံက ပုံဖော်ရိုက်ကူးထား ခြင်းဖြစ်ပြီး ဇာတ်လမ်းတွဲတွင် အပိုင်း (၂၀) ကျော် ပါဝင်မည်ဖြစ် ကြောင်း သိရသည်

"ဒီဇာတ်လမ်းတွဲက Channel K နဲ့ မဟာအပလီကေးရှင်းကနေ ကြည့်ကြရမဲ့ အိမ်ထောင်ရေးပညာ ပေး ဒရာမာဇာတ်လမ်းဖြစ်ပါ တယ်။ အိမ်ထောင်ဆိုတဲ့အတိုင်း အိမ်ထောင်ရေးနယ်ပယ်က သုခ၊ ဒုက္ခတွေကို မြင်တွေ့ရမှာပါ။ ဇာတ် လမ်းရေးသူကော၊ ဒါရိုက်တာကော က မဟာနဲ့ Channel K ပရိသတ် တွေ သိပြီးသားတွေမို့ အထူးမပြော လိုပါဘူး။ စောင့်မျှော်အားပေးပါ အုံး"ဟု သရုပ်ဆောင် ချောရတနာ က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ တွင် သရုပ်ဆောင် ကျော်ထက် အောင်၊ ညီထွဋ်ခေါင်၊ ဗညားဘုန်း ပြည့်၊ ချောရတနာ၊ ရတနာဗို၊ ထက်ထက်ထွန်း၊ မေတိုးခိုင်၊ သင်း သဲဗိုတို့အပြင် ဝါရင့်သရုပ်ဆောင် များဖြစ်ကြသည့် သရုပ်ဆောင် ဇော်ဦး၊ ဒေါင်းဝေ၊ မျိုးမျိုးခိုင်၊ ဒေါ်ခင်သန်းဝင်း၊ ဒေါ်နန်းခမ်းဝါ တို့က အားဖြည့်ပါဝင်သရုပ်ဆောင် ပေးထားကြောင်း သိရသည်။

ASH

# Frankenstein ဇာတ်ကားတွင် အော်စကာအိုင်းဆက်၊ အင်ဒရူးဂါဖီးနှင့် ဗိုင်းရာဂိုတို့ ပါဝင်သရုပ်ဆောင်ဖွယ်ရှိ

**နယူးယောက် မတ် ၁၉**

ဒါရိုက်တာ ဂီလာမိုဒယ်တိုရို၏ Frankenstein ဇာတ်ကားတွင် မင်းသား အော်စကာအိုင်းဆက်၊ အင်ဒရူးဂါဖီးနှင့် မင်းသမီး ဗိုင်းရာ ဂိုတို့ ပါဝင်သရုပ်ဆောင်ကြဖွယ်ရှိ ကြောင်း Deadline သတင်း ဝက်ဘ်ဆိုက်က မတ် ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် အထက်ပါသရုပ် ဆောင်သုံးဦးတို့သည် Franken-stein ဇာတ်ကား၌ ပါဝင်ရေး အတွက် Netflix ရုပ်ရှင်ကုမ္ပဏီ နှင့်ဆွေးနွေးနေသည်။

Frankenstein ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက် တာ ဂီလာမိုဒယ်တိုရိုကိုယ်တိုင် ရေးသားမည်ဖြစ်သည်။

Frankenstein ဇာတ်ကား၌ မင်းသမီး ဗိုင်းရာဂိုက ဒေါက်တာ ဖရန်ကင်းစတိန်၏ ချစ်သူအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် မင်းသား အော် စကာအိုင်းဆက်နှင့် အင်ဒရူးဂါဖီး တို့ ပါဝင်သရုပ်ဆောင်ရမည့်ဇာတ် ကောင်နေရာများကို မသိရသေး ကြောင်း သိရသည်။

Frankenstein ဇာတ်ကား သည် ဒါရိုက်တာ ဂီလာမိုဒယ်တိုရို အတွက် Nightmare Alley ဇာတ်ကားနောက်ပိုင်း ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO



# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရွှေတုံးနင်းကြက်ဖပန်းပုရုပ်များ ဝင်ရောက်လာ

**ပဲခူး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ် တရလက်ဆောင်ပစ္စည်းဈေးကွက် သို့ ကုက္ကိုသားဖြင့် ထုလုပ်ထား သည့် ရွှေတုံးနင်းကြက်ဖ ပန်းပုရုပ် များ ဝင်ရောက်လာကြောင်း ပဲခူး တိုင်းဒေသကြီး ပဲခူးမြို့နယ် ရွှေမော်ဓောဘုရားကြီးအနီးရှိ သီရိ ရတနာအောင် အမှတ်တရလက် ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သီရိ ရတနာအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ကုက္ကိုသားဖြင့် ထုလုပ်ထားသည့် ရွှေတုံးနင်းကြက်ဖ ပန်းပုရုပ်များသည် ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန် ပန်းပုကျေးရွာမှ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေး ကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုရုပ်အရေ အတွက် ၁၀၀ ခန့် ဝင်ရောက်လာ ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီ ရွှေတုံးနင်းကြက်ဖပန်းပု



ရုပ်လေးတွေက ကုက္ကိုသားနဲ့ထုလုပ် ထားတာဖြစ်ပါတယ်။ လက်ဆောင် ပေးဖို့နဲ့ ရုံးခန်း၊ ဟိုတယ်၊ နေအိမ် ဧည့်ခန်းတွေမှာ လာဘ်ဖွင့်ရုပ်တု အနေနဲ့ အလှထားဖို့ ဝယ်ယူကြတာ များပါတယ်"ဟု မန်နေးဂျင်းဒါရိုက် တာ ဒေါ်သီရိရတနာအောင်က ပြောပြသည်။

လက်ရှိကာလသည် ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ ပဲခူးခရီးသွား ဇုန်သို့ တရုတ်နိုင်ငံသားများ လာရောက်လည်ပတ်လျက်ရှိသည့် အတွက် အဆိုပါပန်းပုရုပ်များမှာ အခြားပန်းပုရုပ်များထက် ပိုမို ရောင်းချရကြောင်း၊ ကုက္ကိုသား ဖြင့် ထုလုပ်ထားသည့် ရွှေတုံးနင်း ကြက်ဖပန်းပုရုပ်များမှာ အမြင့် ၁၃ လက်မ၊ အလျား ၁၀ လက်မအရွယ် အစားရှိပြီး တစ်ရုပ်လျှင် ငွေကျပ် ၁၃၀၀၀၀ ခန့်ဖြင့် ရောင်းချပေး လျက်ရှိကြောင်း၊ လတ်တလော တွင် ပန်းပုရုပ် ၁၀ ရုပ်ခန့် ရောင်း ချထားကြောင်း သိရသည်။

ASH

# Sympathy for the Devil ကို ယခုနှစ် ဇူလိုင် ၂၈ ရက်တွင် ရုံတင်မည်

**နယူးယောက် မတ် ၁၉**

ကမ္ဘာကျော်မင်းသားကြီး နီကို လပ်ကေ့၏ Sympathy for the Devil ဇာတ်ကားကို ယခုနှစ် ဇူလိုင် ၂၈ ရက်တွင် ရုံတင်ပြသ မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က မတ် ၁၈ ရက်တွင် ရေးသား တင်ပြထားသည်။

အဆိုပါဇာတ်ကား ဖြန့်ချိပြသ ခွင့်ကို RLJE Films ရုပ်ရှင် ကုမ္ပဏီက ရယူနိုင်ခဲ့ပြီးနောက် ရုံတင်ပြသမည့်ရက်ကို သတ်မှတ် ကြေညာခဲ့ခြင်းဖြစ်သည်။

Sympathy for the Devil ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်း ကို ဇာတ်ညွှန်းရေးဆရာ လူပါရာ ဒိုက်က ရေးသားပြီး ယူဝဲအက်ဒထာ က ဒါရိုက်တာအဖြစ် တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ကြီး နီကိုလပ်ကေ့နှင့် ဂျိုအယ်ကင် နာမင်းတို့က အဓိကဇာတ်ကောင် များအဖြစ် ပါဝင်ကြမည်ဖြစ်သည်။

Sympathy for the Devil ဇာတ်ကားသည် စိတ္တဇထိတ်လန့် သည်းဖိုဇာတ်ကားအမျိုးအစားဖြစ် ပြီး ဇာတ်လမ်း၊ ဇာတ်အိမ်အသေး စိတ်ကို မသိရသေးကြောင်း သိရသည်။

KKO



# ယခုနှစ် သင်္ကြန်ကာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုဇုန်များကို ဖွင့်လှစ်ပေးထားမည်

**နေပြည်တော် မတ် ၁၉**

ယခုနှစ် သင်္ကြန်ကာလတွင် အများပြည်သူ လေ့လာအပန်းဖြေ နိုင်ရန် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ယဉ်ကျေးမှုဇုန်များကို ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုး သားပြတိုက်ဦးစီးဌာန (နေပြည် တော်) ညွှန်ကြားရေးမှူး (စီမံ) ဦးအောင်အောင်ကျော်က ပြောပြ ၍ သိရသည်။

ထိုသို့ မဟာသင်္ကြန်ကာလ အတွင်း အများပြည်သူများလေ့လာ အပန်းဖြေနိုင်ရန် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုဇုန် များကို ဖွင့်လှစ်ပေးရာတွင် မန္တလေးတိုင်းဒေသကြီးရှိ ပင်းယ ယဉ်ကျေးမှုဇုန်၊ အင်းဝယဉ်ကျေးမှု ဇုန်နှင့် ပုဂံယဉ်ကျေးမှုဇုန်တို့ကို ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလမှာ ခရီးသွား တွေ အသွားအလာများတဲ့ဇုန်တွေ ကတော့ နှစ်စဉ် နှစ်တိုင်း ဖွင့်လှစ် နေကျအတိုင်း ဖွင့်လှစ်သွားမှာဖြစ် ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ဆိုရင် ပင်းယယဉ်ကျေးမှုဇုန်၊ အင်းဝယဉ်ကျေးမှုဇုန်၊ ပုဂံယဉ်ကျေး မှုဇုန်တွေ ဖြစ်ပါတယ်။ ဒီဇုန်တွေ အပြင် ပဲခူးယဉ်ကျေးမှုဇုန်နဲ့ သရေခေတ္တရာယဉ်ကျေးမှုဇုန်လဲ ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ ဇုန်တွေ ထဲမှာရှိတဲ့ပြတိုက်တွေကတော့ ပိတ် ထားမှာဖြစ်ပါတယ်"ဟု ဦးအောင် အောင်ကျော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရှိ ယဉ်ကျေးမှုဇုန်များ ဖွင့်လှစ်ထား မည်ဖြစ်သော်လည်း မြနန်းစံကျော် ရွှေနန်းတော်ကိုမူ ပိတ်ထားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Strength must be reinforced as it can bring positive changes and developments



Senior General Min Aung Hlaing meets officers, other ranks and families from Monywa Station.

**Nay Pyi Taw March 19**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met officers, other ranks and families from Monywa Station, North-West Command Headquarters, at Zeyathir Hall of the command HQ this afternoon.

Present together with the Senior General were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office of Commander-in-Chief and their wives, the command commander and officials.

In his address, the Senior General said **"Strength" is just a single word, but it can bring positive changes and developments for the State and the Tatmadaw. In this regard, we must increase strength without fail based on internal unity of the Tatmadaw and the nation.**

**Political developments of the State**

He then explained in detail the Tatmadaw's leadership role in establishing multiparty democracy system in the country in accord with the people's aspiration, introduction of multiparty democracy system in 2011, Tatmadaw's dutiful performances in all assignments and necessary advices during the terms of two democratic governments, vote rigging in the 2020 multiparty general election, the failure to solve the vote rigging problem, Tatmadaw's assumption of State duties after declaring state of emergency due to the national situation, political developments during the past successive governments, Tatmadaw's role in protecting the national interest and public lives and property and enforcing national security in accord with the law under various governments, Tatmadaw's adoption of policies and objectives for political, economic, social and all-round development of the nation amidst the destructive acts of negative forces that were using hardships and political situation triggered by Covid-19 as a pretext.



Senior General Min Aung Hlaing greets officers.

**Restoration of peace and stability in the entire country; holding a free and fair election**

The Senior General said the Tatmadaw's main duty is to protect the country's sovereignty from external threats and national interest. **At present, the Tatmadaw is striving to hold a free and fair election and enforcing peace and the rule of law in the whole country.** An election will be free and fair only if there is peace and stability and no pressures, and a correct election result will come out only if the election is free from pressures and coercions. Election is the essential part of multiparty democracy system. The Tatmadaw is paying serious attention to the termination ethnic conflicts as restoration of peace in the entire country is the main requirement for the success of the coming election. In this regard, it is holding peace talks with EAOs. Tatmadaw is doing its best in the talks while weighing the aspirations and visions of EAOs and reality. The parliament is the highest political institution of democracy. So, ethnic races should participate more in the parliament or the political podium to demand their rights in accord with the law. **Talks with EAOs have produced positive results for the nation, and the remaining detailed facts will be discussed at the coming talks.** Area-wise officials should strive to ensure peace, stability and rule of law in their respective places.

**Improvement of military capability and discipline enforcement**

Learned military knowledge must be fully applied in ensuring peace and stability in military command areas. Soldiers must undergo constant training as they all have completed their basic military courses. They will be able to reduce losses at the battle if every one of them can fully apply their military tactics and knowledge. They should always make themselves fit for duty. They must observe the rules of engagement. As discipline is the backbone of Tatmadaw, every soldier must seriously obey the discipline to become a good soldier.

**It is necessary to put an effort or use strength into carrying out any task so that success can be achieved.** With unity in the Tatmadaw, such a strength can be built up. Then, success will be achieved in implementing tasks. Thus, **focus must be placed on unity within the Tatmadaw, and fair administrative system strengthen the unity.** Individual soldiers need to be loyal to themselves as well as their families, comrades, Tatmadaw and country. Efforts must be exerted with a far-sighted view to promote the strength of the Tatmadaw and the strength of the country.



Senior General Min Aung Hlaing inspects a chicken farm.

**Promote education**

Human resources equipped with knowledge and wisdom are essential for the progress of an individual, a region and a country. Therefore, officers, other tanks and their families need to constantly learn things that can improve their knowledge. During the summer holidays, their children should review the school lessons they have been taught and do summer courses such as ethical courses,

*See Page 13*





Senior General Min Aung Hlaing inspects a fish farm.

*From Page 12*

basic computer courses and others. They also need to lead their children in order that they cannot fall into the wrong hands while they need to do things with care and consideration.

**Necessary to avoid self-indulgence and gambling**

Self-indulgence such as excessive fun and alcohol must be avoided. Smoking, drinking alcohol and chewing betel quid can affect the health of individuals and the environment as well as their socio-economy. Self-indulgence and gambling can affect the living conditions of a family, so individuals need to control themselves with care and consideration. They should totally stay away from gambling and responsible officials need to supervise.


**Welfare tasks**

When it comes to welfare tasks, there is a self-welfare task and a welfare task implemented by upper level units. For self-welfare tasks, a manageable-scale agriculture and livestock activities should be carried out, thereby contributing to family expenses. The military-owned agricultural and livestock breeding businesses are for Tatmadaw families' welfare. Therefore, those businesses need to be successful. Surplus products can be sold at reduced prices to members of Myanmar Police Force, civil servants and local people that can support the State in one way. Tatmadaw has provided rights and entitlements for Tatmadaw officers and other ranks for their living conditions. Moreover, there have been rights to shareholding in the Myanmar Economic Holdings Ltd for individual soldiers to enjoy annual profits. These are being done for the sake of individual soldiers. So they need to work and act with their own consideration.

All Tatmadaw members need to eat rations provided by the Tatmadaw fully and nutritiously, so they can be fit and healthy. Therefore, Tatmadaw welfare tasks must be successfully implemented. The strength from individual soldiers and families must be built up to achieve unity within the Tatmadaw.

Then, the Senior General provided foodstuffs for Tatmadaw members and their families to the commander. The Senior General's wife presented a cash award for the station maternal and child welfare association to the commander's wife.

After the meeting, the Senior General and party cordially greeted the Tatmadaw members and families and attended to their needs.



Senior General Min Aung Hlaing comforts a patient.

**Agriculture and livestock farms inspected**

Then, the Senior General arrived at the integrated farm of the Command and inspected it. The Command Commander briefed on operation of military-run agriculture and livestock farms, breeding of poultry, pig, goat and cattle Kakikin duck, and greenhouse farming for seasonal crops, cultivation of tissue banana and selling meat, fish, milk and vegetables produced by the military-run agriculture and livestock farms to the families of officers and other ranks at a cheap price.

Regarding the report, the Senior General gave instructions saying that it is necessary to ensure an increase in production of poultry farms and systematic breeding in the farming as well. It is necessary to achieve success in beef cattle farming in order that Tatmadaw members could have meals nutritiously and dairy cattle breeding is to be successful as well. In fish farming, fish species truly helpful to consumption are needed to be bred. In greenhouse farming, it is to cultivate crops which do not have a good yield in the region. Only if seed, soil, water and technology are in hand fully, will the output be higher in the agriculture industry. It is necessary to run the agriculture and livestock business that will help the majority of the people consume.

Afterwards, the Senior General and party took a tour of the integrated farm and gave necessary instructions on the reports by officials.

This morning, the Senior General and wife and party arrived at the regional military hospital.

At the hospital, the Senior General and party visited officers and other ranks who were wounded while discharging duties for stability of the State, security and rule of law, encouraged them and presented foodstuffs. The wife of the Senior General and party also visited families of officers and other ranks and local militia members and the people shot and wounded by the terrorists in the name of PDF without any reason and presented foodstuff to them. 100



Daw Kyu Kyu Hla asks after the health of a patient.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဥရောပနှင့် အမေရိကန်ထုတ်တင့်ကားများကိုတိုက်ခိုက်ရန် ရုရှား T-90M တင့်တပ်ဖွဲ့ဝင်များ အထူးလေ့ကျင့်မှုများပြုလုပ်



ရုရှား T-90M တင့်ကားတပ်ဖွဲ့ဝင်များသည် ယူကရိန်းစစ်ဘက်ထံ ပံ့ပိုးပေးအပ်ထားသည့် ဥရောပနှင့် အမေရိကန်ထုတ် Leopard 2၊ Challenger 2 နှင့် M1A2 Abrams တင့်ကားများကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် အထူးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း မတ် ၁၇ ရက်တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့်ဗီဒီယိုဖိုင်တစ်ခုအရ သိရသည်။

ဂျာမနီထုတ် Leopard 2 တင့်ကားသည် ရုရှားစစ်ဘက်အတွက် ယူကရိန်းအထူးစစ်ဆင်ရေးတွင် သတိထားစရာကြည်းတပ်စွမ်းအားစုတစ်ရပ် ဖြစ်ခဲ့သည်။ အမှန်တကယ် ၎င်း၏နည်းပညာဆိုင်ရာ သတ်မှတ်ချက်များနှင့် ဒီဇိုင်းကိုအခြေခံ၍ တင့်ကားကို အကာအကွယ်၊ ရွှေ့လျားနိုင်မှုနှင့် ပစ်ခတ်မှုစွမ်းအားအရ ကမ္ဘာပေါ်တွင် အကောင်းဆုံးသံချပ်ကာယာဉ်၊ တင့်ကားများထဲမှ တစ်ခုအပါအဝင် သတ်မှတ်ခံရထားသည့် ပင်မတိုက်ပွဲဝင်တင့်ကားလည်းဖြစ်သည်။

ဂျာမနီ Leopard 2A6/ 2A7 ၏ နောက်ဆုံးမျိုးဆက်နှင့် ရုရှား T-90M တင့်ကားများကို နှိုင်းယှဉ်ကြည့်သောအခါ တစ်ခုစီတွင် အားသာချက်များနှင့် စွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားသည်။

Leopard 2 သည် ၎င်း၏အဆင့်မြင့် ပေါင်းစပ်သံချပ်ကာတပ်ဆင်အသုံးပြုထားမှုကြောင့် လူသိများပြီး အရှေ့စွမ်းအင်သုံး ဖောက်ကျည် Kinetic Energy Penetrators များနှင့် ပုံသွင်းယမ်း Shaped Charges များအပါအဝင် အမျိုးမျိုးသော ရန်သူခြိမ်းခြောက်မှုများမှ ကောင်းစွာကာကွယ်ပေးနိုင်စွမ်းရှိသည်။ Modular Armor Design ဒီဇိုင်းပုံစံမျိုးသည် နည်းပညာအသစ်များ ထွက်ပေါ်လာသည်နှင့်အမျှ အဆင့်မြင့်တင်မှုများကို အလွယ်တကူပြုလုပ်နိုင်သည်။

T-90M တင့်ကားတွင် ၎င်း၏အဆင့်မြင့် Active Protection Systems ကာကွယ်မှုစနစ်များနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများအပေါ် တုံ့ပြန်နိုင်သည့် Explosive Reactive Armor သံချပ်ကာကဲ့သို့သော အဆင့်မြင့်ပစ္စည်းများကို အသုံးပြုထားသည့် အားသာချက်စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားသည်။ တင့်ကားတစ်မျိုးစီရှိ စွမ်းဆောင်ရည်သည် တိုက်ပွဲအခြေအနေတစ်ခုတွင် ရရှိနိုင်သော သီးခြားအခြေအနေ၊ နည်းဗျူဟာများနှင့် ပံ့ပိုးမှုပေါ် မူတည်၍ ကွဲပြားနိုင်သည်။

T-90M တင့်ကားတွင် Leopard 2 (120mm) နှင့် နှိုင်းယှဉ်ပါက ပြောင်းအချင်းပိုမိုကြီးမားသော ပင်မအမြောက်သေနတ် (၁၂၅ မီလီမီတာ) အသုံးပြုထားသည့်အတွက် Leopard 2 ၏ ၁၂၀ မီလီမီတာအမြောက်သေနတ်ထက် အားသာချက်ရှိသည်။ အနောက်မီဒီယာသတင်းများအရ Leopard 2 ၏ ၁၂၀ မီလီမီတာ L/55 ပြောင်းချောအမြောက်သေနတ်တွင် ပစ်ခတ်ရာ၌ အဆင့်မြင့်တည်ငြိမ်မှုစနစ်ရှိပြီး တိကျမှုမြင့်မားကြောင်း ရေးသားထားကြသည်။ တင့်ကားသည် ရွှေ့လျားတိုက်ပွဲဝင်နေချိန်၌ပင် ၎င်း၏ပစ်ခတ်တိုက်ခိုက်မှုတိကျစေရန် ထိန်းသိမ်းလုပ်ဆောင်နိုင်စွမ်းသည် စစ်မြေပြင်အားသာချက်တစ်ခုဖြစ်သည်။

Leopard 2 ရှိ ၁၂၀ မီလီမီတာအမြောက်သေနတ်သည် ခေတ်မီသံချပ်ကာဖောက် Fin-Stabilized Discarding Sabot(APFSDS) ကျည်များကို တပ်ဆင်ပစ်ခတ်နိုင်ကြောင်း သိရသည်။ Leopard 2 ရှိ ၁၂၀ မီလီမီတာအမြောက်သည် ပုံမှန်အားဖြင့် T-90M ရှိ ၁၂၅ မီလီမီတာအမြောက်ထက် ပြောင်းသက်တမ်းပိုများသည်ဟုဆိုသည်။ ပြောင်းသက်တမ်းပိုများခြင်းဆိုသည်မှာ ပြောင်းတစ်စုံတစ်ရာချို့ယွင်းမှုမရှိဘဲ စင်းလုံးချောအနေအထားဖြင့် ကျည်များကိုပိုမိုပစ်ခတ်နိုင်ပြီး ပြုပြင်ထိန်းသိမ်းမှုကုန်ကျစရိတ်နှင့် စက်ရပ်ချိန်တို့ကို လျှော့ချပေးနိုင်သည်။

T-90M ၏ ၁၂၅ မီလီမီတာအမြောက်သေနတ်တွင် တင့်ကားဖျက်ပဲ့ထိန်းဒုံးကျည်များ (ATGMs) ကို ပစ်ခတ်နိုင်စွမ်းနှင့် ပိုမိုအားကောင်းသော ပေါက်ကွဲအားပြင်းယမ်းများကို သယ်ဆောင်တိုက်ပွဲဝင်နိုင်သည့်အားသာချက်ကို ပိုင်ဆိုင်ထားသည်။ ပင်မတိုက်ပွဲဝင်တင့်ကား၏ ပင်မအမြောက်၊ သေနတ်တစ်လက်ကို ထိရောက်မှုရှိစွာ တိုက်ပွဲဝင်နိုင်မှုသည် ခဲယမ်းအရည်အသွေး၊ တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးနှင့် နည်းဗျူဟာဆိုင်ရာကျင့်သုံးနိုင်မှု အခြေအနေများကဲ့သို့သော အမျိုးမျိုးသော အကြောင်းအချက်များပေါ်တွင်လည်း မူတည်နေသည်။

**Russian tank crews of T-90M undergo special training to fight European and US tanks ကို ဘာသာပြန်ဆိုထားပါသည်။**

## တော်ဝင်ဘာရိန်းလေတပ်က Bell ကုမ္ပဏီထံမှ Ranger X ရဟတ်ယာဉ်သုံးစင်း လက်ခံရရှိ

တော်ဝင်ဘာရိန်းလေတပ်သည် Bell Textron ကုမ္ပဏီထံမှ Ranger X ထိုင်ခုံငါးလုံးပါ အပေါ့စားအမောင်းသင်ရဟတ်ယာဉ်သုံးစင်းကို လက်ခံရရှိခဲ့ကြောင်း မတ် ၁၇ ရက် www.thedefensepost.com သတင်းဌာန၏ ရေးသားချက်အရ သိရသည်။

လွှဲပြောင်းပေးအပ်ခြင်းကို Quebec ပြည်နယ်၊ Mirabel မြို့ရှိ ကုမ္ပဏီပိုင်စက်ရုံတွင် စစ်ဆေးခြင်းနှင့် လက်ခံခြင်းအခမ်းအနားအတွင်း တစ်ပြိုင်နက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်များနှင့်အတူ Bell ကုမ္ပဏီသည် တော်ဝင်ဘာရိန်းလေတပ်ကို လေ့ကျင့်သင်တန်းပေးခြင်း၊ အပိုပစ္စည်းများနှင့် ဆက်စပ်ကိရိယာများကိုပါ ပံ့ပိုးဆောင်ရွက်ပေးသွားမည်လည်းဖြစ်သည်။

Bell ကုမ္ပဏီ၏အဆိုအရ Ranger X ရဟတ်ယာဉ်သုံးစင်းသည် တော်ဝင်ဘာရိန်းစစ်ဘက်တွင် ပထမဆုံးတပ်တော်ဝင်အသုံးပြုမည့် အမျိုးအစားများလည်းဖြစ်ကြောင်း သိရသည်။

တော်ဝင်ဘာရိန်းလေတပ်မှ မျိုးဆက်သစ်လေယာဉ်မှူးများကို လေ့ကျင့်ပေးရန် ဘာရိန်းစစ်ဘက်အတွက် နောက်ထပ်ထိပ်တန်း Bell ကုမ္ပဏီထုတ် ရဟတ်ယာဉ်များကို လွှဲပြောင်းပေးအပ်ခဲ့ရခြင်းအတွက် ဂုဏ်ယူမိပါကြောင်း Bell Africa နှင့် အရှေ့အလယ်ပိုင်း မန်နေးဂျင်းဒါရိုက်တာ Sameer Rehman က ပြောကြားခဲ့သည်။

ဘာရိန်းမျိုးဆက်သစ်လေယာဉ်မှူးများသည် Bell ကုမ္ပဏီထုတ် ရဟတ်ယာဉ်များကို ပျံသန်းမောင်းနှင်ခဲ့ကြပြီး Bell 505 ရဟတ်ယာဉ်သည် လာမည့်နှစ်များစွာထိ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းထားနိုင်ပါလိမ့်မည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

နောက်ဆုံးလက်ခံရရှိခဲ့သည့် Ranger X သည် ဘာရိန်းနိုင်ငံကာကွယ်ရေးတပ်ဖွဲ့ Bahrain Defense Force ၏ လက်ရှိ 212 Twin Hueys နှင့် AH-1 Cobras ရဟတ်ယာဉ်များနှင့်အတူ တာဝန်ထမ်းဆောင်နိုင်တော့မည်ဖြစ်သည်။

ပျံသန်းလုပ်ဆောင်ရမှုကုန်ကျစရိတ်နည်းပါးခြင်းနှင့် ယုံကြည်စိတ်ချရမှုမြင့်မားခြင်းတို့ကြောင့် Bell 505 လေ့ကျင့်ရေးအမောင်းသင် ရဟတ်ယာဉ်များသည် အဆင့်မြင့်ရဟတ်ယာဉ်များမောင်းနှင်ရာတွင် ပိုမိုဘေးကင်းပြီး ထိရောက်သောအကူးအပြောင်းဖြစ်စေရေး လေသူရဲဝိုလ်လောင်းများကို လေ့ကျင့်ပေးနိုင်မည်ဖြစ်ကာ ဖောက်သည်နိုင်ငံများ၏ အနှစ်သက်ဆုံးရဟတ်ယာဉ်အဖြစ် ရောက်ရှိလာခဲ့သည်ဟု Rehman က ပြောကြားသည်။

Bell ကုမ္ပဏီသည် အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများရှိဖောက်သည်



နိုင်ငံများသို့ Ranger X ရဟတ်ယာဉ်အစင်း ၃၀ ကျော်ကို ရောင်းချပေးထားပြီးဖြစ်သည်။

Bell ကုမ္ပဏီသည် အာရပ်စော်ဘွားများ ပြည်ထောင်စု UAE ၏ Horizon International Flight Academy ကို Ranger X လေ့ကျင့်ရေးအမောင်းသင်ရဟတ်ယာဉ် ၁၂ စင်း ရောင်းချပေးခဲ့သည်။

ထိုအတောအတွင်း Bell ကုမ္ပဏီသည် ဂျော်ဒန်နိုင်ငံ Royal Jordanian Air Force သို့ Ranger X ရဟတ်ယာဉ် ၁၀ စင်း လွှဲပြောင်းပေးပို့ရန် ၂၀၂၀ ခုနှစ်တွင် ချုပ်ဆိုခဲ့သော သဘောတူစာချုပ်ကို အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသည်။

အဆိုပါရဟတ်ယာဉ်ကို ကိုရီးယားသမ္မတနိုင်ငံ တပ်မတော်နှင့် မွန်တီနီဂရိုးလေတပ်တို့တွင်လည်း လေ့ကျင့်ရေးအမောင်းသင်ရဟတ်ယာဉ်အဖြစ် အသုံးပြုလျက်ရှိကြသည်။

**Royal Bahrain Air Force Receives Three Ranger X Helicopters from Bell ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရောဝတီတိုင်းဒေသကြီးတွင် ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးဆောင်ရွက်နေ



**ပုသိမ် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီးတွင် စပါးအပြင် ငရုတ်ကိုစီးပွားဖြစ်စိုက်ပျိုး ဆောင်ရွက်နေကြောင်း ဧရာဝတီတိုင်းဒေသကြီး ငရုတ်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်း၏ သတင်းများအရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ပင်မစီးပွားရေး လုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နေပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း စပါးကို အဓိကအများဆုံးစိုက်ပျိုးကြောင်း၊ ယခုအခါ ဧရာဝတီတိုင်းဒေသကြီးတွင် စပါးအပြင် ငရုတ်စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အခြေခံပင်မစီးပွားရေးအဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးနေသည့် ငရုတ်အမျိုးအစားမှာ မိုးထောင်ငရုတ်မျိုးနှင့် အောက်ဆွဲငရုတ်မျိုးများဖြစ်ပြီး အောက်ဆွဲငရုတ် အမျိုးအစားတွင် မြားနီပဒေသာ၊ သာမိ ၁၅၊ အင်ဒီယမ်၊ စူပါရက်-၂ မျိုးများကို စိုက်ပျိုးနေပြီး မိုးထောင်အမျိုးအစားတွင် 777၊ Sun Shine၊ Star Horse၊ 004၊ Spark မျိုးများကို စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ငရုတ်ကို မိုးငရုတ်နှင့် ဆောင်းငရုတ်ဟူ၍စိုက်ပျိုးလျက်ရှိရာ မိုးငရုတ်ကို ပင်လယ်ရေငန်ဝင် နယ်မြေဒေသများဖြစ်သည့် လပွတ္တာခရိုင်၊ မြောင်းမြခရိုင်နှင့် ဖျာပုံခရိုင်များမှအပ ကျန်ခရိုင်များတွင် စိုက်ပျိုးနေကြပြီး ဆောင်းငရုတ်ကို ဖျာပုံခရိုင်အတွင်းရှိ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်များမှအပ ကျန်မြို့နယ်အားလုံးတွင် စိုက်ပျိုးနေကြခြင်းဖြစ်ကြောင်း၊ ဆောင်းငရုတ်ကို ပင်လယ်ရေငန်ဝင်နယ်မြေဒေသရှိ မြို့နယ်အချို့တွင်လည်း စိုက်ပျိုးမှုရှိနေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် အောက်ဆွဲငရုတ်မျိုးကို ငရုတ်သီးခြောက်အဖြစ်သာ ထုတ်လုပ်ရောင်းချပြီး၊ မိုးထောင်ငရုတ်မျိုးကို အစိမ်း၊ အမှည့်စို၊ ငရုတ်သီးခြောက်ဟူ၍ သုံးမျိုးထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အောက်ဆွဲငရုတ်မှာ ပြည်တွင်းသုံးစွဲမှုများပြားပြီး မိုးထောင်ငရုတ်မှာ ပြည်ပဈေးကွက်ဝင် ငရုတ်အမျိုးအစားဖြစ်ကြောင်း၊ ထို့ကြောင့် မိုးထောင်ငရုတ်များကို ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြကြောင်း၊ အထူးသဖြင့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ငရုတ်ဒိုင်နှင့် အအေးခန်းများရှိနေသဖြင့် ငရုတ်အစိမ်းနှင့် အမှည့်ခြောက်များကို အအေးခန်းကွန်တိန်နာများဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ဟသ်ာတခရိုင်မှထွက်ရှိသည့် မိုးထောင်ငရုတ်၏ ၇၅ ရာခိုင်နှုန်းခန့်ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချပေးနေကြောင်း ဧရာဝတီတိုင်းဒေသကြီး ငရုတ်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သိရသည်။ **ချမ်းချမ်း**

# မိုးကောင်းမြို့နယ် ပင်းကြိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း မတ် ၁၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပင်းကြိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေတတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ အရင်းမပျောက်လည်ပတ် ရန်ပုံငွေများကိုထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ရန်ပုံငွေလေလွင့်မှုမရှိစေရေး ရှင်းလင်းပြောကြားသည်။



ထို့နောက် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်သူဝင်းနှင့် စီမံကိန်းတာဝန်ခံ ဦးအောင်သူရိန်ဇော်တို့က ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် ပင်းကြိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၈၄ ဦးတို့ကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သက်မာ**

# ကျောက်မဲမြို့နယ် ခိုက်တုန်ဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်မဲ မတ် ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်မဲမြို့နယ် ခိုက်တုန်ဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ခရိုင်နှင့် မြို့နယ်စီမံကိန်း ဝန်ထမ်းများက ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ခိုက်တုန်ဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ခိုက်တုန်ဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆဋ္ဌမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူအသင်းသား ၇၂ ဦး အတွက် ငွေကျပ်သိန်း ၆၄၀ ထုတ်ချေးပေးထားကြောင်း သိရသည်။ **နီလာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉-၃-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၂၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၇၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

စာမျက်နှာ ၁၇ မှအဆက်

ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်သည်၊ မိသားစုတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုကောင်းမွန်စွာဖြင့် ဆောင်ရွက်တတ်သည့် "အား"ကို မွေးမြူဆောင်ရွက်နိုင်မည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ဖြစ်ထွန်းစေပြီးအောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်သည့်အတွက် စုစည်းညီညွတ်သည့် "အား"များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းစစ်ဌာနချုပ်ပေါင်းစည်းလယ်ယာသို့ ရောက်ရှိစစ်ဆေးရာ ဦးစွာ ရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်အတွင်း တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ဥစားကြက်၊ အသားစားကြက်၊ DYL ဝက်၊ ဆိတ်၊ အသားတိုးနွား၊ နို့စားနွားနှင့် ကာကီကင်းဘဲများ မွေးမြူခြင်း၊ Green House ဖြင့် ရာသီသီးနှံများစိုက်ပျိုးထားရှိမှုနှင့်တစ်သျှူးငှက်ပျောများစိုက်ပျိုးထားရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်အသား၊ ငါး၊ နို့နှင့် ဟင်းသီးဟင်းရွက်များကို အရာရှိ၊ စစ်သည်မိသားစုများထံ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥစားကြက်၊ အသားစားကြက်များမွေးမြူရာတွင် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ ကြက်များမွေးမြူရာတွင် နည်းစနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ စစ်သည်များ အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေး အသားစားနွားများကို အောင်မြင်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နို့စားနွားများကိုလည်း ဖြစ်ထွန်းအောင် စနစ်တကျမွေးမြူရန်လိုကြောင်း၊ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စားသုံးမှုကို အမှန်တကယ် အထောက်အကူပြုစေမည့် ငါးမျိုးများကိုသာ စိုက်ထည့်မွေးမြူရန်လိုကြောင်း၊ Green House များဖြင့် သီးနှံများစိုက်ပျိုးရာတွင်လည်း ဒေသတွင် ကောင်းမွန်စွာထွက်ရှိမှုမရှိသော အသီးအနှံများကိုသာစိုက်ပျိုးရန်ဖြစ်ကြောင်း၊စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံးပြည့်စုံအောင် ဆောင်ရွက်နိုင်မှသာ အထွက်နှုန်းများတိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူနည်းစုအတွက် ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ လူအများစားသုံးနိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်စုပေါင်းလယ်ယာအတွင်း စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် စစ်သည် တစ်ဦးချင်းစီကို အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊စစ်သည်တစ်ဦးချင်း၏ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးကုသပေးထားမှုနှင့် တိုးတက်ကောင်းမွန်လာမှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များက ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊စစ်သည်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကိုလည်းကောင်း တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။

## ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများမှ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းအား ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ အသိပေးတိုက်တွန်းချက်အား ထုတ်ပြန်ကြေညာခြင်း

(၁၉-၃-၂၀၂၃)

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေအပေါ် မူတည်၍ ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်းနှင့် ပြည်သူလူထုမှ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအား ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများမှာ သိသိသာသာ ကျဆင်းလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ လိုက်နာကျင့်သုံးဆောင်ရွက်နေရသော ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအနက် အောက်ဖော်ပြပါ အခြေအနေများတွင် ပါးစပ်နှင့်နှာခေါင်းစည်းအား တပ်ဆင်သင့်ပါကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်-

(က) လူထူထပ်သောနေရာ၊ အလုံပိတ်နေရာ၊ လေဝင်/လေထွက် မကောင်းသော နေရာများတွင် ရှိနေချိန် (လူတစ်ဦးနှင့်တစ်ဦး (၃)ပေခြား၍ နေထိုင်ရန် မဖြစ်နိုင်သော အခြေအနေ)၊

(ခ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ် စသည့် ယာဉ်များဖြင့် ခရီးသွားလာခြင်း၊

(ဂ) ဆေးရုံ/ကျန်းမာရေးဌာနများနှင့် ဘိုးဘွားရိပ်သာများသို့ သွားရောက်ခြင်း၊

(ဃ) ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်မားသူများ (အသက်အရွယ်ကြီးသူများ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ် ရောဂါရှိသူများ၊ ကိုယ်ခံအား နည်းသူများ၊ အဝလွန်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူများ၊ အထွေထွေကျန်းမာရေးမကောင်းသူများ)၊

(င) ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့် လက္ခဏာများရှိသူ။

ကျန်းမာရေးဝန်ကြီးဌာန





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တာဝန်ရှိသူများသည် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ဂုဏ်ဆောင်ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများမီးလင်းရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆိုလာအစုံ ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။ ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စက်ရေတွင်း သုံးတွင်းတူးဖော်ရန် ထောက်ပံ့ငွေ ကျပ်သိန်း ၃၆၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံပေးအပ်သည်။ ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အားကစားပစ္စည်းများကို ပြည်နယ်လူမှုရေးရာဝန်ကြီးထံ ပေးအပ်သည်။

ယင်းနောက် ပေါင်မြို့နယ် ကျိုက်ဖျဉ်ကူဘုရားဂေါပကအဖွဲ့က ရှေးဟောင်းကြေးခေါင်းလောင်းကို မွန်ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မွန်ယဉ်ကျေးမှုအကအဖွဲ့၊ ဗမာယဉ်ကျေးမှုအကအဖွဲ့၊ ကရင်ယဉ်ကျေးမှုအကအဖွဲ့နှင့် ပအိုဝ်းယဉ်ကျေးမှုအကအဖွဲ့တို့က ကပြဖျော်ဖြေကြပြီး တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များကို နိုင်ငံတော်စီမံအုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဦးရန်ကျော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားကာ တပ်နယ်မိသားစုများကို ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က စက်ရေတွင်း သုံးတွင်းတူးဖော်ရန် ထောက်ပံ့ငွေကျပ်သိန်း ၃၆၀ ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းထံ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဖတ်ကြားစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေမှုယင်းငါးမွေးမြူရေးကန်သို့ ရောက်ရှိစစ်ဆေးစဉ် "အခြားလိုအပ်သည့် ဗီတာမင်များအပါအဝင် တိရစ္ဆာန်ဆေးဝါးများရရှိရေးအတွက်လည်း ဆေးဝါးစက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်" လမ်းညွှန်မှုပြုထားသဖြင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သုတေသနဌာနတွင် ငါးအစာတောင့်အတွင်း ထည့်သွင်းမည့် ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သော အားဖြည့်အမှုန့်(Premix)များကို စမ်းသပ်သုတေသနပြုထုတ်လုပ်နေမှုတို့ကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရွှေဦးစွာ သုတေသနဌာန အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာက သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှစ်တစ်ခုအတွင်း သုတေသနပြုလုပ်မည့်အခြေအနေများကို အစီအမံများရေးဆွဲဆောင်ရွက်ရန် မှာကြားပြီး ငါးများအတွက် လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်များ စမ်းသပ်နေသည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိပြီး စက်ရုံသမိုင်းပြခန်း တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် တည်ဆောက်ပြီးစီးမှုကို Third Party ဖြင့် စစ်ဆေးရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့်တွေ့ဆုံပြီး အများပြည်သူများ အားကိုးရသည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်အောင်ပြုမူနေထိုင်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ချောင်းဆုံ-မုရစ်ကလေး-ကမာကေးလမ်းပေါ်ရှိ တံတားအမှတ်(၆/၆) သံကူကွန်ကရစ်တံတားဖွင့်ပွဲကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တံတားဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် မတ် ၁၉**

(၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ချောင်းဆုံ-မုရစ်ကလေး-ကမာကေးလမ်းပေါ်ရှိ တံတားအမှတ် (၆/၆) အရှည် ပေ ၈၀ သံကူကွန်ကရစ် တံတားဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင်ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက တံတားတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူ တစ်ဦးက တံတားဆောက်လုပ်ပေးခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အဆိုပါတံတားသည် ချောင်းဆုံမြို့နယ် မုရစ်ကလေးရွာနှင့် ကမာကေးရွာတို့ကို ဆက်သွယ်ပေးထားသည့် သံကူကွန်ကရစ်ရက်မ ကြမ်းခင်းနှင့် လက်ရန်းအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၈၀၊ တံတားအကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ရှိသည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် ဒေသခံပြည်သူများ တက်ရောက် ကြကြောင်း သတင်းရရှိသည်။

# (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်စာပေပြဋ္ဌာန်းစာအုပ်ပေးအပ်ပွဲနှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၉**

(၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး ခန်းမတွင် မွန်တိုင်းရင်းသားစာပေ ပြဋ္ဌာန်းစာအုပ် ပေးအပ်ပွဲနှင့် သက်မွေးပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင်ကျင်းပရာ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး Jeng Phang နော်တောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မွန်ပြည် နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက ပြဋ္ဌာန်းစာအုပ်ပေးအပ်ပွဲ နှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများထံ မွန်စာပေပြဋ္ဌာန်း စာအုပ်များကိုပေးအပ်ပြီး မွန်စာပေ၊ ကရင်စာပေ၊ ဗမာစာပေနှင့် ပအိုဝ်းစာပေ ကော်မတီကိုယ်စားလှယ် အသီးသီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။ ယင်းနောက် ထောက်ပံ့ချီးမြှင့်ငွေများ နှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ စာအုပ်များကို မွန်စာပေနှင့် ယဉ်ကျေးမှု ကော်မတီမှ တာဝန်ရှိသူများထံ ပေးအပ် သည်။ ဆက်လက်ပြီး မွန်ယဉ်ကျေးမှုအဖွဲ့က ဟသ်ာအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှု အားပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အခမ်းအနားတက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# Essential Motors Myanmar နှင့် Asia Pacitic AutoMaker Corporation တို့၏ EV Charging Station များ ဖွင့်လှစ်




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း Essential Motors Myanmar ၏ EV Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့ Asia Pacitic AutoMaker Corporation ၏ EV Charging Station နှင့် ကားများပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၁၉**

Essential Motors Myanmar နှင့် Asia Pacitic AutoMaker Corporation တို့၏ EV Charging Station များ ဖွင့်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန် ဘူတာကြီးနှင့် လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာ ဈေးသစ်တို့၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြော ကြားပြီး Essential Motors Myanmar နှင့် Asia Pacitic AutoMaker Corporation တို့မှ တာဝန်ရှိသူများက Station များဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက EV Charging Station နှင့် ကားများကို လှည့်လည်ကြည့်ရှုကြပြီး EV (လျှပ်စစ် ကား)များကို စမ်းသပ်မောင်းနှင်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

# (၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရာမညသဲသောင်ပြင် ဖွင့်ပွဲအခမ်းအနားကျင်းပ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တာဝန်ရှိသူများက (၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းရှိ ရာမညသဲသောင်ပြင် အပန်းဖြေနေရာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တာဝန်ရှိသူများက ရာမညသဲသောင်ပြင်ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် မတ် ၁၉**

(၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းရှိ သဲသောင်ပြင်အပန်းဖြေနေရာ၌ မတ် ၁၈ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မွန်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဒေါက်တာ အောင်မြတ်ကျော်စိန်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ရာမညသဲသောင်ပြင် အပန်းဖြေနေရာ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး တိုင်းရင်းသားအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ ယင်းနောက်သဲသောင်ပြင်ရှိ အပန်းဖြေနေရာများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး JengPhang နော်တောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၉**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကိုနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးတို့သည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကိုက ဈေးကွက်စီးပွားရေးကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများ၏ ဆောင်ရွက်မှု နည်းပညာများကို လေ့လာပြီး မိမိနိုင်ငံနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရေးတို့အတွက် စီးပွားရေးအထောက်အကူပြု စိုက်ပျိုးမွေးမြူရေးအခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ အောင်မြင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်အထောက်အကူပြု ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် မိမိအလုပ်ကို အာရုံစိုက်ပြီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အစုအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရေး၊ မျိုးကောင်းမျိုးသန့်များ မျိုးစပ်ပြီး မွေးမြူရေးဈေးကွက်ရရှိရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ စိုက်ပျိုးရေရရှိရေး၊ သွင်းအားစုများ ထောက်ပံ့နိုင်ရေး၊ စံပြလယ်ယာစနစ်ဖော်ဆောင်နိုင်ရေး၊ ဈေးကွက်ရရှိနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသထွက်ကုန်များကိုအခြေခံပြီး တန်ဖိုးမြှင့်စားသောက်ကုန် (Value Added)များ ထုတ်လုပ်နိုင်ရေးသင်တန်းများ ပို့ချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သင်တန်းအောင်မြင်ပြီး ထူးချွန်သင်တန်းသားများအတွက် လိုအပ်သည့်အရင်းအနှီး၊ နည်းပညာများ ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်ရေရရှိရေး၊ မီးလင်းရေး၊ လမ်းတံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စံပြကျေးရွာများထူထောင်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိဦးစီးဌာနနှင့်သာ သက်ဆိုင်သည်ဟု သဘောမထားဘဲ ဦးစီးဌာနလေးခုလုံး ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှသာ ပိုမိုထိရောက်မြန်ဆန် အောင်မြင်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မတ် ၁၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**နေပြည်တော် မတ် ၁၉**

မတ် ၁၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၂၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၉၂ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၄၄၇၃ ဦး |

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နှင့် လေးမျက်နှာမြို့တို့တွင် ဆောင်ရွက်နေသည့် မြစ်ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ရန်ကင်းစံရာကူးတို့ဆိပ်အောက်ပိုင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်နှင့် လေးမျက်နှာမြို့နယ်ရှိ သမိုင်းဝင် စတုမုခထူပါရုံစေတီတော်ကြီးတည်ရှိရာ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းခွင်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက် ရန်ကင်းစံရာကူးတို့ဆိပ် အောက်ပိုင်း ၁၄ လမ်းနှင့် ၁၆ လမ်းကြား၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ လေးမျက်နှာမြို့နယ်ရှိ သမိုင်းဝင်စတုမုခထူပါရုံစေတီတော်ကြီးတည်ရှိရာ ကမ်းပါးဝေ့ဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကာကွယ်ရေးဆောင်ရွက်နေသည့်လုပ်ငန်းခွင်သို့ရောက်ရှိပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက စေတီတော်မြတ်ကြီးအား မြစ်ရေတိုက်စားမှုမှကာကွယ်နိုင်ရန် ဝေ့ဝန်မြစ်ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေး ရေလွှဲရေကာနံရံများ တည်ဆောက်ခြင်း၊ သောင်တူးဖော်ခြင်း၊အခြေထိန်း Bore Pile တည်ဆောက်ခြင်း၊ ကမ်းပါးဆင်ခြေလျှောတွင် Geo Bag များချခင်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအတွက် အသုံးပြုနေသည့် လုပ်ငန်းသုံးပစ္စည်းများကို အရည်အသွေးပြည့်မီအောင် သုံးစွဲဆောင်ရွက်ရေး၊လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုကို အလေးထားဆောင်ရွက်စေရေးစသည်တို့ကိုမှာကြားပြီးနောက် လုပ်ငန်းခွင်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**တာဝန်ရှိသူတစ်ဦးက ဒေသခံ မျက်စိခွဲစိတ် လူနာများကို မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

**နေပြည်တော် မတ် ၁၉**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ခြောက်ဦးကို ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်စိခွဲစိတ်လူနာများကို မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါလူနာများကိုတပ်မတော်ရေယာဉ်ဖြင့် စိုးမဲကျီဆိပ်ကမ်းသို့ ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် စိုးမဲကျီကျေးရွာရှိ ဓမ္မရက္ခိတ စိုးမဲကျီကျောင်းတိုက်၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၀၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၈၂ ဦး၊ ခွဲစိတ်ရောဂါ ၅၁ ဦး၊သားဖွားမီးယပ်ရောဂါ ၂၇ ဦး၊ကလေးရောဂါ ၁၁၄ ဦး၊ အရိုးရောဂါဦးရေ ၁၁၀၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ ၅၅ ဦး၊ မျက်စိရောဂါ ၂၁၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ၅၉ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၅၃ ဦးနှင့်ဓာတ်ခွဲစမ်းသပ်လူနာ ၁၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူတစ်ဦးကိုနီးစပ်ရာတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

“ကြက်ခြေနီတပ်ဖွဲ့က ပေါက်တောမြို့မှာလာပြီး ပါဝင်ကူညီဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဆေးရုံဆေးခန်းကတော့ ပေါက်တောမြို့မှာဖွင့်ထားတဲ့ဆေးခန်းတွေတော့ရှိပါတယ်။ဒါပေမဲ့ပြည့်စုံလုံလောက်မှုမရှိတာတွေတော့ကြုံရပါတယ်။ အခုလို သင်္ဘောကြီးလာတဲ့အတွက် ကျွန်တော်တို့မှာ ပြည့်ပြည့်စုံစုံပါဝင်လာတဲ့အတွက် အင်မတန်မှအားလဲရှိပါတယ်။သင်္ဘောကြီးက ဆေးကုသဖို့လာတယ်ဆိုတာ တစ်သက်မှာတစ်ခါမှမကြုံဖူးပါဘူး။ အခုချိန်မှာ သင်္ဘောကြီးရောက်ခဲ့တဲ့အတွက် ဒေသခံပြည်သူတွေတစ်ရက်မှာတစ်ထောင်ကျော် ဆေးကုသခွင့်ရတဲ့အတွက် အင်မတန်မှဝမ်းသာပါတယ်။ တချို့ဆိုရင် မျက်စိလုံးဝကွယ်နေတဲ့သူတွေကိုတောင် ဆေးဝါးအပြည့်စုံနဲ့ကုသပေးမှုကြောင့် မျက်စိကိုမြင်ရတဲ့ထိ အောင်မြင်စွာကုသပေးနိုင်တာကို ကိုယ်တိုင်တွေ့ကြုံခဲ့ရပါတယ်။ဒါကြောင့် ဒေသခံတွေကိုယ်စားဂုဏ်ယူဝမ်းမြောက်မိပါတယ်။အထူးပြောချင်တာကတော့ အခုလိုလာပြီး ကျန်းမာရေးကိုစေတနာအနစ်နာနဲ့ ကုသပေးတဲ့ ဆရာ၊ဆရာမတို့တွေ၊ပါရဂူတွေ ကူညီလုပ်ကိုင်ပေးတဲ့သူတွေက အစ အင်မတန်မှ ဝမ်းသာမိပါတယ်။ ဒီနေရာမှာရှိတဲ့ ဒေသခံတွေက ငွေကြေးအရသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးအရသော်လည်းကောင်း တော်တော်လေးခက်ခဲနေတာဖြစ်ပါတယ်။ဒီဒေသကိုသင်္ဘောကြီးလာရောက်ကုသပေးတဲ့အတွက် ဒေသခံတွေက အင်မတန်မှ ပျော်ရွှင်ပီတိလဲဖြစ်ရပါတယ်။ ဝမ်းပန်းတသာနဲ့ကြိုဆိုနေတာကို မျက်မြင်ကိုယ်တွေ့မြင်ရပါတယ်။ အခုလိုလာရောက်ပေးတဲ့အတွက် ကန္တာရမှာမိုးရွာသလိုပါပဲ လာပေးတဲ့အတွက်သက်ဆိုင်ရာတာဝန်ရှိသူတွေ၊နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူတွေက အခုလိုစီစဉ်ပေးတဲ့အတွက် သမားတော်ကြီးတွေ၊ ပါရဂူကြီးတွေ၊ သူနာပြုတွေ၊ ဆရာမတွေ၊ ဆရာတွေသက်ဆိုင်ရာဌာနအသီးသီးကဝိုင်းဝန်းကူညီကြသူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။နောက်နောင် ကျွန်တော်တို့ မြို့နယ်ကိုလာခဲ့ပါလို့ တောင်းဆိုပါတယ်။ လာပါစေလို့လဲ ဆုတောင်းပါတယ်”ဟု ဒေသခံတစ်ဦးက ပြောပြသည်။

“အခမဲ့ဆေးကုသပေးမယ်လို့ ပေါက်တောမြို့မှာကြေညာပါတယ်။အသွားအပြန်အားလုံးအခမဲ့လုပ်ပေးမယ်လို့ပြောပါတယ်။ တပ်မတော်ကနေပြီး အခမဲ့ဆေးတပ်ဖွဲ့ကနေပြီး အခမဲ့ပို့ဆောင်ပေးပါတယ်။အခုလိုလာရောက်ကုသပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ ဂရုစိုက်ပြီး ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ဘင်္ဂလားပင်လယ်အော်နဲ့နီးတဲ့အတွက် သွားရလာရအခက်ခဲဆုံးနေရာကို လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလိုကျန်းမာရေးစောင့်ရှောက်မှုတွေကို တစ်နှစ်တစ်ခါလာရောက်ကုသပေးစေချင်ပါတယ်။ဒီလိုနိုင်ငံတော်ကနေပြီး ရခိုင်ပြည်နယ်ကို လာရောက်ပြီး အခမဲ့ဆေးကုသပေးတဲ့သူတွေအားလုံးကိုကျေးဇူးတင်ပါတယ်”ဟု ဒေသခံတစ်ဦးက ပြောပြသည်။






# မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား၏ (၂၉)ကြိမ်မြောက် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး မတ် ၁၉**

မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား၏ (၂၉) ကြိမ်မြောက် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား ပရိဝုဏ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် အရှေ့ပြင်ဆင်တဲတိုက် သာသနာလင်္ကာရကျောင်း ဆရာတော် မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရေတော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလာလင်္ကာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ ရွှေသင်္ကန်းများကပ်လှူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကြည်တို့က သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆရာတော်၊ သံဃာတော်၁၄၁ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

အဆိုပါ မဟာလောကရန်နိုင်မြတ်စွာဘုရားစေတီတော်ကို သီပေါဘုရင်မင်းမြတ်မှ ၁၂၄၄ ခု တပေါင်းလဆန်း ၃ ရက်တွင် သံတောင်တစ်တောင်လျှင် တစ်ပေခွဲရှိပြီး သံခုနစ်တောင်ထား၍ ခုနစ်ရက်ဖြင့် အပြီးတည်ထား ကိုးကွယ်ခဲ့ကြောင်းနှင့် တပေါင်းလဆန်း ၁၁ ရက်တွင် ရွှေထီးအထွတ် တင်လှူတော်မူခဲ့ကြောင်း သိရသည်။

**မျိုးကျော်**



# ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံများကို ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် မတ် ၁၇ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်းရှိ ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ကျောက်တလုံးကြီးမြို့ရှိ ၆၆ ကေဗွီ နောင်ကားဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ ကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်သွားရန်၊ မီးဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရန်၊ ဓာတ်အားခွဲရုံအတွင်း၊အပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့်အခြားလိုအပ်ချက်များကိုမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၁၃၂ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ တောင်ကြီးပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ထရန်စဖော်မာဝန်အားစာရင်းကို အမြဲစိစစ်၍ မှတ်တမ်းရေးသွင်းထားရှိရန်၊ ဓာတ်အားလွှတ်ပစ္စည်းများအား ပုံမှန်စစ်ဆေး၍ လိုအပ်ပါက ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်သွားရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး လုံခြုံရေးအသိသတိဖြင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့နှင့် ဟိုပုံးမြို့တို့သို့ ဓာတ်အားဖြန့်ဖြူးပေးနေသည့် ၆၆ ကေဗွီ တောင်ကြီး အမှတ်(၂) ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး Switch Yard အတွင်း ဓာတ်အားလွှတ်ပစ္စည်းများ၏ အခြေအနေများနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်းမှ ဓာတ်အားဖြန့်ဖြူးပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၂၀ ရက်မှ ၂၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၆၇၈ ဒသမ ၁၉ ဧကရှိသော နယ်မြေကို **"ကျောက်တစ်လုံးကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၃)အရ ၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၂၃ ခုနှစ် မတ် ၁၄ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တောသည် ပေါင်းလောင်းချောင်း၏ ရေဝေကြော တောင်တန်းတစ်ခုဖြစ်ပြီး အဝေရာဆည်၏ ရေဝေရေလဲသစ်တောများအား ထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ အင်၊ နဘဲ၊ ဘင်္ဂ၊ ထောက်ကြံ့၊ လက်ပံ၊ သစ်ရာ၊ ရင်းတိုက် စသည့် သစ်မျိုးများ ပေါက်ရောက်နေပြီး တောဝက်၊ တောကြောင်၊ ယုန်၊ ရှဉ့်၊ ရစ်၊ ဘုတ်၊ ခါ၊ ငုံး၊ လင်းယုန်၊ ဇီးကွက်၊ သင်းခွေချပ်၊ လိပ်၊ လင်းမြီးဆွဲစသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသဖြစ်သည့်အပြင် အဝေရာဆည်၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိုင်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ခန္တီးမြို့နယ် ကတိုးကြီးကျေးရွာနှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကတိုးကြီးကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ကတိုးကြီးကျေးရွာအတွင်းရှိ ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၂၄ ဦးကိုလည်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေါနဘွားရပ်ကွက်ရှိ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၁၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော် ၁၈၆ ပါးနှင့် ဒေသခံပြည်သူ ၁၂၆ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

# (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့တွင် ပုလဲအတွဲ ၁၄၃ တွဲ ရောင်းချနိုင်ခဲ့



**နေပြည်တော် မတ် ၁၉**

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲအမှတ် (၁၅၁)မှ အတွဲအမှတ် (၂၉၅) ထိ ပုလဲအတွဲ ၁၄၅ တွဲကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ် (၁၅၁)မှ အတွဲအမှတ်(၂၉၅)ထိ ပုလဲအတွဲ ၁၄၅ တွဲ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲ ၁၄၃ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ရောင်းချခဲ့ရသည့် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးထားရှိပြီး တန်ဖိုးငွေပေးချေရာတွင် ပြည်ပကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းကုန်သည်များသည် မြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးချေနိုင်ကြောင်း သိရသည်။

ပြပွဲစတုတ္ထနေ့တွင် ကျောက်မျက်အတွဲ ၁၂၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၇ ရက်မှ ၂၃ ရက်ထိ ကျင်းပနေခြင်းဖြစ်ပြီး ပုလဲအတွဲ ၂၉၅ တွဲအနက် အတွဲ ၂၉၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။ ထို့ပြင်ကျောက်မျက်အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲ ၂၁၅၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်နေ ဟိန်းအောင်(ခ)ဟိန်းထက်သည် ၎င်းအသုံးပြုသည့် "Hein Aung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက်နေ တင်မင်းထွန်းသည် ၎င်းအသုံးပြုသည့် "Tin Min Htun" Facebook အကောင့်၊ ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာနေ သောင်းအေး(ခ)ထွေးကြီးသည် ၎င်းအသုံးပြုသည့် "မောင်ထွေး မောင်ထွေး" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဆီးရီးယားနိုင်ငံအနောက်မြောက်ဘက်ပိုင်းတွင် မိုးသက်လေပြင်းကျရောက်မှုကြောင့် ရွှေ့ပြောင်းနေထိုင်သူများစခန်းအတွင်း ပျက်စီးမှုများဖြစ်ပေါ်



**ဒမတ်စကတ် မတ် ၁၉**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ဘက်ပိုင်းတွင် မတ် ၁၈ ရက်က မိုးသက်လေပြင်းကျရောက်မှုကြောင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများစခန်းအတွင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The New Arab သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများစခန်းတွင် ဖေဖော်ဝါရီလက လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒုက္ခသည်များလည်း ပါဝင်နေပြီး ယာယီရွက်ဖျင်တဲအမြောက်အမြား ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် ရေကြီးရေလျှံမှုများလည်း ဖြစ်ပေါ်နေပြီး ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ကယ်ဆယ်ရေးဝန်ထမ်းများကို စေလွှတ်ပေးထားကြောင်း ထုတ်ပြန်ခဲ့သည်။

"မတ် ၁၈ ရက်ညမှာ မိုးသက်လေပြင်း ကျရောက်ခဲ့တဲ့အတွက် ကယ်ဆယ်ရေးစခန်းအတွင်းမှာ နေထိုင်တဲ့ပြည်သူတွေ တော်တော်လေးဒုက္ခရောက်ခဲ့ရတယ်။ ကယ်ဆယ်ရေးစခန်းအတွင်းက ရွက်ဖျင်တဲတွေဟာ ယာယီတည်ဆောက်ထားတာဖြစ်တဲ့အတွက် ခိုင်မာမှုမရှိဘူး။ မိုးသက်လေပြင်းကြောင့် ရွက်ဖျင်တဲတွေပျက်စီးခဲ့တယ်။ မိုးသက်လေပြင်းကြောင့်လဲ ရွက်ဖျင်တဲတွေထဲ ရေစိမ့်ဝင်တာတွေဖြစ်ပေါ်နေတယ်။ ရေကြီးရေလျှံမှုလဲ ဖြစ်ပေါ်ခဲ့တဲ့အတွက် ရွက်ဖျင်တဲတော်တော်များများ ရေမြုပ်သွားတယ်။ ရွက်ဖျင်တဲတွေကို ပြန်လည်မွမ်းမံပေးဖို့အတွက်တော့ မိုးသက်လေပြင်းငြိမ်သက်အောင် စောင့်ရမယ်။ ရေကြီးရေလျှံမှုအခြေအနေလဲ တည်ငြိမ်သွားမှ ပြန်လည်မွမ်းမံပေးရေးအတွက် စီစဉ်သွားမှာဖြစ်ပါတယ်"ဟု ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများစခန်းကို တာဝန်ယူပေးထားသည့် မာဝန်အယ်လ်ဂျာဘယ်က ပြောကြားခဲ့သည်။

ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများစခန်းအတွင်း ရွှေ့ပြောင်းနေထိုင်သူဦးရေ ၂၀၀၀၀၀ ခန့်ထိ ရှိနေသည်ဟု ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုထားကြောင်း သိရသည်။

**ခိုင်းဆက်**

# နီပေါနိုင်ငံ မဒက်ရှ်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွား

**ခတ္တမန္ဒူ မတ် ၁၉**

နီပေါနိုင်ငံ အရှေ့တောင်ဘက်ပိုင်းရှိ မဒက်ရှ်ပြည်နယ်တွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများ မကြာခဏဖြစ်ပေါ်နေပြီး တာရိုင်ခရိုင်တွင် မတ် ၁၇ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေကြောင်း မဒက်ရှ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Kathmandu-post သတင်းဌာနက ယနေ့က ရေးသားဖော်ပြခဲ့သည်။

အပူချိန်မြင့်မားမှုကြောင့် တောမီးလောင်ကျွမ်းမှု အရှိန်မြင့်တက်နေသလို သစ်တောမြေဟက်တာများစွာတောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့်လည်း လေထုညစ်ညမ်းမှုဖြစ်ပေါ်နေကြောင်း၊ တောမီးလောင်ကျွမ်းမှုဆက်တိုက်ဖြစ်ပေါ်နေခြင်းကြောင့်လည်း တောရိုင်းတိရစ္ဆာန်များ၏ အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်နေကြောင်း မဒက်ရှ်သစ်တောရေးရာဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆန်နီလ်ကူမာကာနာက ပြောကြားခဲ့သည်။

"တာရိုင်ခရိုင်မှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးအရှိန်ပြင်းထန်တဲ့အတွက် သစ်တောမြေအမြောက်အမြားလောင်ကျွမ်းနေတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် တောရိုင်းတိရစ္ဆာန်တွေဟာ တောအုပ်ထဲကနေ ထွက်ပြေးတိမ်းရှောင်လာတာကို မုဆိုးတွေက အခွင့်ကောင်းယူပြီး အမဲလိုက်လာကြတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် တောရိုင်းတိရစ္ဆာန်တွေရဲ့ အနာဂတ်စိုးရိမ်ဖွယ်ရာဖြစ်နေပြီး လေထုညစ်ညမ်းမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေလဲ ကြိုးစားနေပါတယ်"ဟု ဆန်နီလ်ကူမာကာနာက ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် တောရိုင်းတိရစ္ဆာန်များ၏ အနာဂတ် စိုးရိမ်ဖွယ်ရာဖြစ်နေသလို ပွင့်လင်းရာသီဖြစ်သည့်အတွက် တောလိုက်မုဆိုးများ၏ အန္တရာယ်ကြောင့်လည်း တောရိုင်းတိရစ္ဆာန်များမှာ စားကျက်ရှားပါးလာကြကြောင်း သိရသည်။ **ခိုင်းဆက်**

# အီကွေဒေါနှင့် ပီရူးနိုင်ငံမြောက်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ၁၅ ဦးသေဆုံး

**ကွီတို မတ် ၁၉**

အီကွေဒေါနိုင်ငံနှင့် ပီရူးနိုင်ငံမြောက်ပိုင်းတွင် မတ် ၁၈ ရက်က ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျုရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် လူ ၁၅ ဦးသေဆုံးခဲ့ကြောင်း The Guardian သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အီကွေဒေါနိုင်ငံ Guayas ပြည်နယ် Guayaquil မြို့တောင်ဘက် မိုင် ၅၀ ခန့်အကွာကိုဗဟိုပြု၍ ငလျင်တစ်ခု လှုပ်ခတ်ခဲ့မှုကြောင့် အီကွေဒေါနိုင်ငံနှင့် ပီရူးနိုင်ငံတို့တွင် သေဆုံးသူအနည်းဆုံး ၁၅ ဦးရှိခဲ့ပြီး အပျက်အစီးများအောက်တွင် ပိတ်မိနေသူအများအပြားကို ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း အီကွေဒေါအာဏာပိုင်များက မတ် ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ငလျင်၏ဗဟိုချက်သည် Guayaquil မြို့တော်ဧရိယာနှင့် မိုင် ၅၀ ခန့်သာကွာဝေးကြောင်း အမေရိကန် ငလျင်တိုင်းတာစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ပြီး အီကွေဒေါသမ္မတ Guillermo Lasso က ပြည်သူများအနေဖြင့် စိတ်ငြိမ်ငြိမ်ထားရန် ၎င်း၏ တွစ်တာမှတစ်ဆင့် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။



အီကွေဒေါနိုင်ငံတွင် သေဆုံးသူ ၁၂ ဦးသည် ကမ်းရိုးတန်းပြည်နယ်များဖြစ်သော El Oro ပြည်နယ်မှဖြစ်ပြီး နှစ်ဦးမှာ Azuay ပြည်နယ်မှဖြစ်ကာ အနည်းဆုံးလူ ၁၂၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီကွေဒေါသမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် အီကွေဒေါနိုင်ငံနယ်စပ်အနီး ပီရူးနိုင်ငံ Tumbes မြို့တွင် လေးနှစ်အရွယ်မိန်းကလေးတစ်ဦး နေအိမ်ပြိုကျမှုအတွင်း သေဆုံးခဲ့ကြောင်းနှင့် အဆောက်အအုံပြိုကျမှုကြောင့် ပိတ်မိနေသူအချို့ကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပီရူးနိုင်ငံ ဝန်ကြီးချုပ် Alberto Otarola က ပြောကြားခဲ့သည်။ AZH

# အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် လောင်ကျွမ်းသည့်တောမီး အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့

**နယူးယောက် မတ် ၁၉**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် Volusia ခရိုင်တွင် မတ် ၁၇ ရက်က သစ်တောဧက ၁၅၀ ခန့် တောမီးစတင်လောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်သမားများအနေဖြင့် မတ် ၁၈ ရက်တွင် အဆိုပါတောမီးကို အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့ကြောင်း ဖလော်ရီဒါပြည်နယ် သစ်တောဌာနက ထုတ်ပြန်ခဲ့သည်ဟု Daytona Beach News Journal သတင်းဌာနက မတ် ၁၈ ရက်တွင် ရေးသားဖော်ပြထားသည်။

ပြည်နယ်၏ အဓိကလမ်းမကြီးဖြစ်သော အမှတ် ၄၁၅ လမ်းမနှင့် Volusia ခရိုင်အတွင်းရှိ အမှတ် ၄၄ လမ်းမကြီး၏ တောင်ဘက်တစ်လျှောက်တွင် မတ် ၁၇ ရက်မှစတင်၍ ဧက ၁၅၀ ခန့် တောမီးလောင်ကျွမ်းခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်အမြောက်အမြားအသုံးပြုငြိမ်းသတ်ခဲ့ရပြီး မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မီးလောင်ကျွမ်းမှု ၉၅ ရာခိုင်နှုန်းခန့် ထိန်းချုပ်နိုင်ခဲ့ကြောင်း ဖလော်ရီဒါပြည်နယ် သစ်တောဌာနမှ သိရသည်။

"ပုံမှန်မဟုတ်တဲ့ ပူပြင်းခြောက်သွေ့မှုတွေကြောင့် Volusia ခရိုင်အတွင်းမှာ မီးဘေးအန္တရာယ်တိုးလာနေပါတယ်။ အခုတော့ တောမီးလောင်ကျွမ်းမှုကို အောင်မြင်စွာထိန်းချုပ်ထားနိုင်ပါပြီ"ဟု သစ်တောလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူ Julie Allen က ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုသည် နေအိမ်နှင့် အခြားစီးပွားရေးလုပ်ငန်းဆိုင်ရာများကို ထိခိုက်မှုမရှိခဲ့ကြောင်းနှင့် လမ်းများကိုလည်း ပိတ်သွားမည်မဟုတ်ကြောင်း သစ်တောလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူ Julie Allen က ပြောကြားသည်။

အဆိုပါ တောမီးငြိမ်းသတ်ရန်အတွက် ဖလော်ရီဒါပြည်နယ်နှင့် အော်လန်ဒိုခရိုင်မှ မီးသတ်တပ်ဖွဲ့ဝင်များအပြင် Volusia ခရိုင် ပရော်ဖက်ရှင်နယ် မီးသတ်အသင်း၊ Seminole ခရိုင် ရဲမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ Seminole ခရိုင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အမေရိကန် သစ်တောဝန်ကြီးဌာနတို့၏ အကူအညီများရယူလုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

AZH

# အီတလီနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုပြဿနာတိုက်ဖျက်ရေး ယူရို ၇ ဒသမ ၈ ဘီလီယံသုံးစွဲရန် ပြင်ဆင်

**ရောမ မတ် ၁၉**

အီတလီနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်လာရပြီး အီတလီအစိုးရက ရာသီဥတုဖောက်ပြန်မှုပြဿနာကိုတိုက်ဖျက်သွားရေးအတွက် ယူရို ၇ ဒသမ ၈ ဘီလီယံထိသုံးစွဲသွားရန် ပြင်ဆင်နေကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Metro သတင်းဌာနက မတ် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရာသီဥတုဖောက်ပြန်မှုပြဿနာကို တိုက်ဖျက်ရန်အတွက် အီတလီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သုံးစွဲသွားမည့် ဘတ်ဂျက်ပမာဏကိုလည်း အစိုးရထံ အသေးစိတ်တင်ပြထားပြီးဖြစ်သလို အီတလီအစိုးရ၏ ခွင့်ပြုချက်သာရရှိရန် လိုအပ်တော့သည့်အခြေအနေဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှုပြဿနာရဲ့ နောက်ဆက်တွဲအနေနဲ့ မိုးခေါင်ရေရှားပါးမှုတွေ၊ ဆီးနှင်းတွေ ပုံမှန်ထက် လျော့နည်းကျဆင်းလာတဲ့ ပြဿနာတွေ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် တချို့မြစ်ဝှမ်းတွေမှာ ရေခန်းခြောက်တဲ့အဆင့်ကို ရောက်ရှိနေတယ်။ ဒီပြဿနာတွေကိုဖြေရှင်းနိုင်ဖို့အတွက် အသုံးပြုသွားမဲ့ ခန့်မှန်းဘတ်ဂျက်ပမာဏကိုလဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အစိုးရထံတင်ပြထားပြီးဖြစ်ပါတယ်။ အစိုးရအနေနဲ့လဲ အီတလီနိုင်ငံရဲ့ အနာဂတ်အတွက် တင်ပြထားတဲ့ ခန့်မှန်းဘတ်ဂျက်ကို ခွင့်ပြုသွားဖို့ စီစဉ်နေပါတယ်။ ခန့်မှန်းတွက်ချက်မှုအရ ဘတ်ဂျက်ပမာဏဟာ ယူရို ၇ ဒသမ ၈ ဘီလီယံထိရှိပါတယ်။ ဒါဟာ ကနဦးခန့်မှန်းကုန်ကျမဲ့ ဘတ်ဂျက်ပမာဏဖြစ်ပါတယ်"ဟု အီတလီဝန်ကြီးများရုံး၏ ပြောရေးဆိုခွင့်ရှိသူ ပီချက်တိုက ပြောကြားသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် နိုင်ငံအတွင်း မိုးခေါင်ရေရှားပါးမှုဖြစ်ပေါ်နေသလို Alps ရေခဲတောင်တန်းတွင်လည်း ဆီးနှင်းများကျဆင်းမှုသည် ပုံမှန်ထက် ထက်ဝက်ခန့်မကလျော့နည်းလာကြောင်း အီတလီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသီများက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ရွှေရောင်ကမ္ဗည်းရှင်တို့ ထာဝရကွန်းခိုရာသို့

ဘုန်းရဲနိုင် (ဂန့်ဂေါ)

ရောက်အောင်သွားမည်ဟု အကြိမ်ကြိမ်ရည်မှန်းထားသည့် သူရဲကောင်းဗိမာန် (နေပြည်တော်)ကို တာဝန်များမအားလပ်သည့်ကြားမှပင် ရောက်ဖြစ်ခဲ့သည်။ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသူဖြစ်သော်လည်း ၂၀၁၇ ခုနှစ် မတ် ၂၇ ရက် တပ်မတော်နေ့တွင် ဖွင့်လှစ်ခဲ့သည့် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ ယခုမှပင်ရောက်ဖြစ်ခဲ့ခြင်းဖြစ်သည်။

အဝင်လမ်းကို သိရှိထားသည်မို့ ဗိမာန်ရှိရာ တောင်ကုန်းအခြေသို့ အလွယ်တကူပင်ရောက်ရှိလာသည်။ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမှ အဝင်လမ်းဖြစ်သည့် တပ်မတော်ပန်းခြံနှင့် ဇေယျာသီရိကုန်တိုက်ရှိရာ လမ်းမကျယ်ကြီးအဝတွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုတချို့ကို ခံယူခဲ့ရသည်။ သူရဲကောင်းဗိမာန် (နေပြည်တော်)မှာ တပ်ကုန်းမြို့ဘက်မှ နေပြည်တော် ဇေယျာသီရိမြို့အဝင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၏ အရှေ့ဘက်ခြမ်း (ဘယ်ဘက်) ရှမ်းကုန်းမြေမြင့်အစနေရာ တောင်ကုန်းထိပ်တွင် ရှိနေသည်။ လမ်းမကြီးမှ အရှေ့ဘက်သို့ ချိုးဝင်ပြီး မကြာမီ မိနစ်အနည်းငယ်မျှသော ကားမောင်းချိန်အတွင်း လက်ဝဲဘက်တွင် ဇေယျာသီရိကုန်တိုက်နှင့် လက်ယာဘက်၌ ခမ်းနားထည်ဝါလှသည့်တပ်မတော် ပန်းခြံအဝင်မုခ်ဦးကြီးများကို တွေ့ရသည်။ မုခ်ဦးကြီးများအလွန် လက်ယာဘက်လမ်းချိုးငယ်မှကွေ့ဝင်ပြီး ပြေပြစ်သော တောင်တက်လမ်းအတိုင်း တက်လာရသည်။ မကြာမီပင် ဘယ်ဘက်တောင်ကုန်းထက် လှေခါးထစ်များအဆုံးတွင် ခံ့ညားတည်ငြိမ်သည့် အဖြူရောင်အဆောက်အအုံတစ်ခုကို လှမ်းတွေ့လိုက်ရတော့သည်။ ထိုအဆောက်အအုံမှာ ကျွန်ုပ်ရောက်ဖူးချင်လွန်းခဲ့သည့် စွန့်လွှတ်စွန့်စားသော သူရဲကောင်းတို့နားခိုရာ သူရဲကောင်းဗိမာန် (နေပြည်တော်)ပင်ဖြစ်သည်။

သူရဲကောင်းဗိမာန်(နေပြည်တော်)ကို သပ်ရပ်လှပသည့် ခြံစည်းရိုးခတ်ထားပြီး မြက်ခင်းစိမ်းများ၊ ပန်းအလှပင်များကို နေရာတကျစိုက်ပျိုးထားသည်။ ဝင်ရောက်မှုမှတ်တမ်းတွင် မှတ်ပုံတင်ကာ လုံခြုံရေးကတ်ကို ထုတ်ယူရသည်။ အတက်လမ်းတစ်လျှောက် ကျောက်ပြားခင်းထားသည့်အပြင် အတက်လမ်းဘေးတစ်လျှောက်၌လည်း ပန်းအလှပင်အမျိုးမျိုးနှင့် ပန်းအိုးများကို စနစ်တကျအရောင်အသွေးစုံ စိုက်ပျိုးထားသည်။ ထူးခြားမှုအနေဖြင့် မသန်စွမ်းသည်သည်များအတွက် ဝှီးချဲလမ်းကို သီးသန့်ဖောက်ပေးထားသည်ကို တွေ့ရသည်မှာ ကျေနပ်ဖွယ်ကောင်းလှသည်။ ပတ်ဝန်းကျင်တောအုပ်နှင့် မြက်ခင်းလွင်ပြင်များကို ဖြတ်ကျော်တိုက်ခတ်လာသည့် လတ်ဆတ်သန့်ရှင်းသောလေကိုရှူရှိုက်ခွင့်ရသဖြင့်လည်း ပိုမိုလန်းဆန်းသွားပြီး တောင်အတက်လမ်းကြောင့် ပင်ပန်းသမျှ ချက်ချင်းပြေပျောက်သွားခဲ့သည်။

တောင်ထိပ်အရောက်တွင် သူရဲကောင်းဗိမာန် (နေပြည်တော်)ရင်ပြင်ကို နေပူခံကျောက်ပြားဖြူများ အပြည့်ခင်းထားသည်ကိုတွေ့ရသည်။ မိမိတက်လာရာဘက်သို့ ပြန်လှည့်မိခိုက်တွင် ထိုနေရာရောက်ကြသူများသာ တွေ့မြင်ခွင့်ရသည့် ရှုခင်းအလှကိုတွေ့မြင်လိုက်ရသည်။ ဗိမာန်တောင်ကုန်းထိပ်မှ နောက်သို့ မျှော်ကြည့်ရာ အနောက်အရပ်တည့်တည့် တောင်အောက်ခြေတောအုပ်အဆုံးတွင် တပ်မတော်ပန်းခြံအတွင်းမှ မင်းသုံးပါးရုပ်တုနှင့် တပ်မတော်ပန်းခြံအဝင်မုခ်ဦးကြီးများကို ခံ့ညားစွာတွေ့ရသည်။ ထိုမှလွန်၍ကြည့်လျှင် ရွှေရောင်တဝင်းဝင်းတောက်ပနေသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ကြည်နူးဖွယ်ရာ ဖူးမြော်မြင်တွေ့နိုင်သည်။

သူရဲကောင်းဗိမာန်(နေပြည်တော်) အဆောက်အအုံအတွင်းသို့ ဝင်ရောက်လေ့လာကြသူတိုင်းက လက်တင်၍ တစ်ဖုံ၊ ဦးညွှတ်၍ တစ်မျိုးတို့ဖြင့် တည်ငြိမ်လေးနက်စွာ အလေးပြုပြီးမှသာ ဝင်ရောက်ကြသည်ကို တွေ့ရသည်။ မိမိလည်း လေးနက်တည်ကြည်စွာ လက်တင်အလေးပြုပြီး သူရဲကောင်းဗိမာန်(နေပြည်တော်) အတွင်း ဝင်ရောက်ခဲ့သည်။ အဆောက်အအုံအလယ်တွင် လေးထောင့်ထုရှည်ပုံ စကျင်ကျောက်တိုင်ကို စိုက်ထူထားပြီး ကြည်း၊ ရေ၊ လေ အစောင့်စစ်သည်သုံးဦးက မလှုပ်မယှက်စောင့်ကြပ်လျက်ရှိသည်ကို လေးစားဖွယ်တွေ့ရသည်။

အဆောက်အအုံ၏နံရံများကို အနက်ရောင်ဂရင်းနိုက်ကျောက်ပြားများဖြင့် အလှဆင်ထားပြီး ကျောက်ပြားများပေါ်တွင် နှစ်အလိုက်ကျဆုံးခဲ့သော စွန့်လွှတ်စွန့်စားသူတို့၏ ကိုယ်ပိုင်အမှတ်နှင့် အမည်နာမများကို ရွှေရောင်စာလုံးဖြင့်ရေးထိုးထားသည်ကိုတွေ့ရသည်။ အောင်ဆန်းသူရိယဘွဲ့ရရှိသူ ငါးဦး၊ သီဟသူရဘွဲ့ရရှိသူ ၃၄ ဦး၊ သူရဘွဲ့ရရှိသူ ၂၇၁ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၁၄၇၈ ဦး စုစုပေါင်း ၁၇၈၈ ဦး၏ အမည်စာရင်းကို အလျား ၁၂ ပေ၊ အနံ ၁၂ ပေရှိ အနက်ရောင်ဂရင်းနိုက်ကျောက်ပြားပေါ်တွင် ရွှေရောင်စာလုံးများဖြင့် ရေးထိုးထားခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ်မှ စာရေးသူရောက်ရှိသည့်နှစ်ထိ အသက်စွန့်လှူခဲ့ကြသော သူရဲကောင်းများအနက်မှ ဘွဲ့တံဆိပ်လက်မှတ်ရရှိသူများ၏ အမည်များကို ရေးထိုးထားခြင်းဖြစ်သည်။

ထူးခြားမှုအနေဖြင့် အမြင့်ဆုံးသောဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ရရှိသူများတွင် ကရင်တိုင်းရင်းသား အရပ်သား အောင်ဆန်းသူရိယ စောဘရီပါဝင်နေခြင်း၊ သူရဘွဲ့ရရှိသူများစာရင်းတွင် ထားဝယ်သူ သူရမချစ်ပိုပါဝင်နေခြင်း၊ မိုင်းယောင်းတိုက်ပွဲ၌ သူရဲကောင်းတံဆိပ်ရရှိခဲ့သော မိုင်းယောင်းမြို့နယ် ပုံချိကျေးရွာမှ ဒေသခံတိုင်းရင်းသား ဦးလောဖာနှင့် ဦးပါလီတို့၏ အမည်စာရင်းများပါဝင်နေခြင်းဖြစ်သည်။ သူရဲကောင်းဗိမာန်(နေပြည်တော်) အဆောက်အအုံတွင် အမည်နာမရေးထိုးဂုဏ်ပြုခြင်းခံရသော သူရဲကောင်းများသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ခန္ဓာစွန့်လွှတ်ခဲ့ကြရသော်လည်း သားစဉ်မြေးဆက်များသာမက နောင်လာနောက်သား မြန်မာနိုင်ငံသားအားလုံးတို့က အလေးအမြတ်ထားဂုဏ်ယူကြရမည့်သူများပင်ဖြစ်သည်။ ဤသည်မှာ သာမန်လူတို့ထက် လေးနက်မွန်မြတ်သော တစ်နည်းအားဖြင့် "အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်"လည်း ဖြစ်သည်။



အဆောက်အအုံ၏အပြင်ဘက် တစ်နည်းအားဖြင့် လက်ယာဘက်တွင် အောင်ဆန်းသူရိယဘွဲ့ရသူ ငါးဦး၏ ပုံတူကိုယ်တစ်ပိုင်းရုပ်တုများကို စကျင်ကျောက်သားဖြင့် ထုလုပ်ထားရှိသည်ကိုလည်း တွေ့ရသည်။ မိမိနိုင်ငံနှင့် နိုင်ငံသားတို့အတွက် လေးနက်မွန်မြတ်စွာ ပေးဆပ်စွန့်လွှတ်သွားကြသူတို့၏ ထာဝရနားခိုရာဖြစ်သည့် ဤသူရဲကောင်းဗိမာန်(နေပြည်တော်)အဆောက်အအုံကို (၇၂) နှစ်မြောက်တပ်မတော်နေ့အခါသမယကို ဂုဏ်ပြုသည့်အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ၂၀၁၇ ခုနှစ် မတ် ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သူရဲကောင်းဗိမာန် (နေပြည်တော်)အဆောက်အအုံကို တည်ဆောက်ရေးလုပ်ငန်းပိုင်းအနေဖြင့် အမျိုးအစား သုံးမျိုးခွဲခြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၎င်းတို့မှာ အဆင့် ၁၃ ဆင့်ရှိသည့် ပင်မအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ အဆင့် ၁၀ ဆင့်ရှိသည့် လမ်း၊ ရေမြောင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ အဆင့် ခြောက်ဆင့်ရှိသည့် Land-scaping လုပ်ငန်းတို့ဖြစ်သည်။ ပင်မအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၏ Top Soil မြေသားဖယ်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၆ ဧပြီလတွင်စတင်ခဲ့ရာ မေလတွင် ပြီးစီးခဲ့သည်။ ထို့နောက် Caisson တူးခြင်းလုပ်ငန်းများ၊ Mat Foundation လုပ်ငန်းများ၊ စကျင်ကျောက်တုံးသယ်ယူခြင်းနှင့် ထည့်သွင်းခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းပြီးစီးခဲ့ပြီး ရင်ပြင် Retaining Wall လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

မြန်မာမှုလက်ရာ စကျင်ကျောက်ပြားများထုတ်လုပ်ခြင်းမှာ တန် ၁၈၀ ရှိခဲ့သည်။ အတွင်း၊ အပြင်နံရံများတွင် စကျင်ကျောက်ပြားကပ်ခြင်း၊ နာမည်စာလုံးထွင်း ဂရင်းနိုက်ကျောက်ပြားကပ်ခြင်း၊ နာမည်စာလုံးထွင်းခြင်း၊ ကြွေပြားကပ်ခြင်း၊ ကြေးပေါင်ပြုလုပ်ခြင်းများလည်းဆောင်ရွက်ရသည်။ မီးတပ်ဆင်ခြင်းပိုင်းတွင် Olympia 2 မီးတိုင်အခုရေ ၂၀၊ ရင်ပြင်ဆလိုက် ၂၅ ခု၊ ဝါစိမ်းနီမီးအလှများဆင်ခြင်း ပေ ၁၃၀၀၊ အတွင်းမီးတပ်ဆင်ခြင်း Down Light ၁၆ ခုနှင့် Up Light ၁၂ ခုရှိသည်။ ထို့နောက် သူရဲကောင်းဗိမာန်လမ်း ရေမြောင်းနှင့်ဆက်စပ်လုပ်ငန်းများ၊ ကျောက်စီလုပ်ငန်းများ၊ လှေကားလုပ်ငန်းများ၊ Drain and Platform လုပ်ငန်းများ ဆောင်ရွက်ခဲ့ရပြီး ရေပန်းကန် ရှစ်ကန်၊ လမ်းအရှည် ၂၆၈၄ ပေရှိခဲ့သည်။ သူရဲကောင်းဗိမာန် Landscaping လုပ်ငန်းအတွက် သတ်မှတ်နေရာများတွင် အပင်ကြီး၊ ပန်းအလှပင် ၅၁၂၆ ပင်၊ အလယ်လျှောက်လမ်းဘေး အပင်ကြီးနှင့် အလှပန်းပင် ၄၂၃ ပင် စိုက်ပျိုးခဲ့သည်။ အလှမြက်ခင်းစိုက်ပျိုးခြင်းလုပ်ငန်းအနေဖြင့် ကျင်း ၆၂၀၀ ဆောင်ရွက်ခဲ့သည်ဟုလည်း သိရှိရသည်။

သူရဲကောင်းဗိမာန်(နေပြည်တော်)၏ အချက်အလက်အကျဉ်းမျှကို လေ့လာမှတ်တမ်းပြုပြီးချိန်တွင် အချိန်အတန်လင့်သွားပြီဖြစ်သည်။ ထိုနေ့တစ်နေ့တာအတွက် တာဝန်ကျေပွန်ခဲ့ပြီဖြစ်သည့် သူရိယနေဝန်းကြီးမှာ အနောက်ဂေါ်ရာကျွန်းသို့ ဆက်လက်ရွေ့လျားထွက်ခွာရန်အတွက် အနောက်ဘက်ရှိ အလယ်ရိုးမတောင်ပေါ်တွင် မေးတင်နေပြီဖြစ်သည်။ ထိုအချိန်တွင် မိမိတို့ကွန်းခိုရာသို့ ဆိတ်ငြိမ်စွာပျံသန်းနေကြသည့် ငှက်အုပ်တချို့ကိုလည်း လှမ်းတွေ့နေရသည်။ သူရိယနေဝန်းကြီး ငုပ်လျှိုးပျောက်ကွယ်သွားပြီး မကြာမီအတွင်း၌ပင် လျှပ်စစ်မီးမောင်းများကြောင့် တဖြည်းဖြည်း ရွှေရောင်တောက်ပလာသည့် နေပြည်တော်၏ အမှတ်အသား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို လှမ်းမျှော်ဖူးတွေ့ရသလို တပ်မတော်ပန်းခြံအတွင်းမှ မဟူရာရောင်နောက်ခံမြင်ကွင်းထက်ဝယ် တဖြည်းဖြည်းထင်ရှားလာသည့် မင်းသုံးပါးရုပ်တုကြီးသည်လည်းကောင်း၊ ခမ်းနားထည်ဝါလှသည့် တပ်မတော်ပန်းခြံအဝင် မုခ်ဦးတို့သည်လည်းကောင်း နေပြည်တော်ညဦး၏ အလှကမ္ဘာကို ဖော်ကျူးလာကြသည်။

ထိုအချိန်၌ပင် သူရဲကောင်းဗိမာန်(နေပြည်တော်)၏ ညဦးအလှတွင် စီးမျောခံစားလိုသူများ တဖြည်းဖြည်းများပြားလာသည်ကိုလည်း တွေ့ရသည်။ ဗိမာန်တွင် တပ်ဆင်ထားသည့် မီးတိုင်များ၊ ရင်ပြင်မီးဆလိုက်များ၊ ဝါစိမ်းနီမီးအလှများ၊ အတွင်းမီး Down Light နှင့် Up Light များကြောင့် သူရဲကောင်းဗိမာန်(နေပြည်တော်)မှာ နတ်ဒေဝတာတို့ဖန်ဆင်းလေသည့် ခမ်းနားဆန်းပြားသည့် ဥယျာဉ်တစ်ခုသဖွယ်ပင် အမှတ်မှားနိုင်လောက်သည်ဟု ထင်မြင်မိခဲ့သည်။ မွေးကင်းစကလေးအရွယ်မှသည် သက်ကြီးပိုင်းအရွယ်များထိပင်ပါရှိသော လေ့လာအပန်းဖြေသူများဖြင့် သက်ဝင်လှုပ်ရှားနေသည့် သူရဲကောင်းဗိမာန်(နေပြည်တော်)ကို မြင်တွေ့ခွင့်ရခဲ့သည့် ကျွန်ုပ်အနေဖြင့် လွန်စွာပင်ကျေနပ်မဆုံးဖြစ်မိခဲ့ရပေသည်။

ကျွန်ုပ်ပြန်လည်ထွက်ခွာလာချိန်မှာ ည ၇ နာရီခန့်ဖြစ်သည်။ ထိုအထိတိုင်ပင် ဗိမာန်ပန်းခြံအတွင်း ဝင်ရောက်လာသူ အုပ်စုများကို တဖွဲဖွဲတွေ့နေရဆဲပင်။ သူရဲကောင်းဗိမာန် (နေပြည်တော်) ကုန်းထက်သို့ ကိုယ်တိုင်တက်ရောက်ခဲ့ရသည်ကို မကျေနပ်နိုင်သေးသည့် ကျွန်ုပ်သည်လည်း ဗိမာန်ကုန်းအောက်ခြေ ကားပါကင်နေရာက လှမ်းမျှော်ကြည့်မိပြန်၏။ ဗိမာန်ကုန်း၏ အမှောင်သန်းစ ညဦးအချိန်မြင်ကွင်းကလည်း တစ်မျိုးတစ်ဖုံပသာဒရှိနေပြန်သည်။ လျှပ်စစ်မီးရောင်စုံ၊ ပန်းရောင်စုံတို့ အတက်လမ်းတို့ဖြင့် သိက္ခာဂုဏ်ဒြပ်ထည်ဝါလွန်းလှသည့် သူရဲကောင်းတို့ထာဝရပျော်စံရာ သူရဲကောင်းဗိမာန်(နေပြည်တော်)ပါပေ။

မကြာမီ၌ပင် သူရဲကောင်းဗိမာန်(နေပြည်တော်)မှာ စာရေးသူ၏မြင်ကွင်းနောက်ဝယ် ကျန်ရစ်နေခဲ့ပြီဖြစ်သည်။ သို့သော် သူရဲကောင်းဗိမာန်(နေပြည်တော်)၏ ပုံရိပ်သည်လည်းကောင်း၊ ဗိမာန်အတွင်းရှိ အမည်းရောင် ဂရင်းနိုက်ကျောက်ပြားများပေါ်မှ ရွှေရောင်ကမ္ဗည်းနာမရှင်တို့၏ အသက်ထက်မြတ်သောဂုဏ်ဒြပ်တို့သည်လည်းကောင်း ကမ္ဘာတွင် မြန်မာပြည်တည်ရှိနေသမျှကာလတစ်လျှောက်လုံး ထာဝရတည်တံ့မွှေးပျံ့နေတော့မည်သာဖြစ်ပါသည်။

**ကိုးကား**

- **ကိုယ်တွေ့ ရေးသွားမှတ်တမ်း**
- **အသေးစိတ်အချက်အလက် ၂၀၁၈ ခုနှစ်/(၆၉)နှစ်မြောက် အင်ဂျင်နီယာတပ်ဖွဲ့နေ့ နှစ်ပတ်လည်မဂ္ဂဇင်းပါ၊ ဆောင်းပါးရှင် ကျော်ကျော်ထွန်း၏ "သူရဲကောင်းဗိမာန် (နေပြည်တော်) သို့မဟုတ် ထာဝရတည်တံ့နေတော့မည့် မြတ်နိုးဖွယ်ရာဂုဏ်ဒြပ်များ"**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရပြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဖေဖော်ဝါရီလတွင် ပြည်ပမှ ဘိလပ်မြေ တန်ချိန် ၂၃၀၅၀ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၈ သန်းဖိုး တင်သွင်းခဲ့



**နေပြည်တော် မတ် ၁၉**

ဖေဖော်ဝါရီလတွင် ပြည်ပမှ ဘိလပ်မြေတန်ချိန် ၂၃၀၅၀ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၈ သန်းဖိုးတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ထိုသို့ တင်သွင်းခဲ့ရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၁ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၃၀၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၇ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၉၇၅၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၈ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၃၀၅၀ တင်သွင်းခဲ့ခြင်းဖြစ်သည်။

ပင်လယ်ရေကြောင်းမှ တင်သွင်းခဲ့ရာတွင် ထိုင်းနိုင်ငံမှဘိလပ်မြေတန်ချိန် ၂၆၀၀၊ မလေးရှားနိုင်ငံမှ ဘိလပ်မြေတန်ချိန် ၅၀၀၊ တရုတ်နိုင်ငံမှ ဘိလပ်မြေတန်ချိန် ၂၀၀ စုစုပေါင်း ဘိလပ်မြေတန်ချိန် ၃၃၀၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းခဲ့ရာတွင် ထိုင်းနိုင်ငံမှဘိလပ်မြေတန်ချိန် ၁၉၀၀၀ နှင့် တရုတ်နိုင်ငံမှ ဘိလပ်မြေတန်ချိန် ၇၅၀ စုစုပေါင်း ဘိလပ်မြေတန်ချိန် ၁၉၇၅၀ တင်သွင်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပုဂ္ဂလိကပိုင် ဘိလပ်မြေစက်ရုံ ၁၆ ရုံနှင့် နိုင်ငံပိုင် ဘိလပ်မြေစက်ရုံ သုံးရုံ စုစုပေါင်းဘိလပ်မြေစက်ရုံ ၁၉ ရုံမှ တစ်နှစ်လျှင် ဘိလပ်မြေတန်ချိန် ၇ သန်းမှ ၉ သန်းထိ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိနေသော်လည်း ပြည်တွင်းလိုအပ်ချက်အရ နှစ်စဉ်ပြည်ပမှ ဘိလပ်မြေတန်ချိန် တစ်သန်းခန့် မှာယူတင်သွင်းနေခဲ့ရသည်။

ထို့ကြောင့် ပြည်တွင်းရှိ ဘိလပ်မြေ စက်ရုံများအနေဖြင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်လျှင် တစ်နှစ် ဘိလပ်မြေတန်ချိန် ၁၆ သန်းကျော်ထိ ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်တွင်းသုံးစွဲမှုအတွက် လုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ SKL

# ညောင်ရွှေမြို့နယ် လီမီးကျေးရွာတွင် ဘက်စုံသုံးခန်းမဆောက်လုပ်ပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ မတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စံကားကျေးရွာအုပ်စု လီမီးကျေးရွာတွင် ဘက်စုံသုံးခန်းမဆောက်လုပ်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မူစီတို့က စံကားကျေးရွာအုပ်စု လီမီးကျေးရွာတွင် ဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဘက်စုံသုံးခန်းမရေရှည်တည်တံ့ခိုင်မြဲစေရေး ပိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ရွှေမြို့နယ် လီမီးကျေးရွာတွင် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းကို နိုင်ငံတော် ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၇၈၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ စတင်ထွက်ပတ်မှစ၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဆား(အငန်)စားသုံးမှုများခြင်း၏ ဘေးထွက်ဆိုးကျိုး

**ပေါက်ပေါက်**



"ဆား"ဟု ကြားလိုက်သည်နှင့်တစ်ပြိုင်နက် အဖြူရောင် ခပ်ကြမ်းကြမ်းအမှုန့်လေးများကို မျက်လုံးထဲမြင်ယောင်လာကာ "ငန်တယ်"ဟု သဘောပေါက်လေ့ရှိကြသည်။ ဓာတုဗေဒနည်းအရ ခွဲခြမ်းစိတ်ဖြာကြည့်ရာ ဆားသည် ကလိုရိုက်ဒ်အိုင်းယွန်းနှင့် ဆိုဒီယမ်အိုင်းယွန်းတို့ပေါင်းစပ်ထားသော ဆိုဒီယမ်ကလိုရိုက် သတ္တုဓာတ်ပေါင်းတစ်မျိုးဖြစ်သည်။ ဆားကို ယေဘုယျအားဖြင့် ဆားကြမ်း၊ စားပွဲတင်ဆားနှင့် အိုင်အိုဒင်းဆားဟူ၍ အမျိုးအစားသုံးမျိုးခွဲခြားထားသည်။ ပင်လယ်ရေမှရရှိပြီး သဘာဝအတိုင်း မပြုပြင်ရသေးသည့် ခပ်ကြမ်းကြမ်း ရုတတရှိသော ဆားအတုံးအခဲကြီးကို ဆားကြမ်းဟုခေါ်သည်။ ၎င်းဆားကြမ်းခဲကြီးများကို အရောင်ချွတ်ဆေးသုံးပြီး ဖြူဖွေးသန့်စင်စေကာ နူးညံ့မှုန့်ညက်နေအောင် စက်ဖြင့်ကြိတ်ထားခြင်းကို စားပွဲတင်ဆားဟုခေါ်သည်။ ဆားငန်ရည် သို့မဟုတ် ဆားကြမ်းကို အိုင်အိုဒင်းဓာတ်ဖြည့်စွက်ကာ အဖြူရောင်၊ ပန်းရောင်၊ မီးခိုးရောင်ဖျော့ဖျော့ ဆားပုံဆောင်ခဲလေးများအဖြစ် ပြုပြင်ထားခြင်းကို အိုင်အိုဒင်းဆားဟုခေါ်ပြီး ၎င်းက စားပွဲတင်ဆားကဲ့သို့ မနူးညံ့ပေ။

**ဆားနှင့် ရိုးရာယဉ်ကျေးမှု**

သမိုင်းရာဇဝင်များအရ ကမ္ဘာပေါ်တွင် ဆားဦးစွာထွက်ရှိသောဒေသမှာ ရိုမေးနီးယားနိုင်ငံ Lunca ဒေသဖြစ်ပြီး လွန်ခဲ့သော ဘီစီ ၆၀၅၀ ကတည်းကဟုသိရသည်။ ထိုကာလများ၌ ဆားသည် တန်ဖိုးကြီးရတနာတစ်ခုဖြစ်၍ ဆားတစ်အောင်စအလေးချိန်သည် ရွှေစင်တစ်အောင်စနှင့် တန်ဖိုးညီမျှသည်။ ရှေးယခင် အိန္ဒိယနှင့် ကိုရီးယားနိုင်ငံတို့၌ ဆားသည် လွန်စွာအဖိုးထိုက်တန်ရှားပါးသဖြင့် ဆားကြောင့် စစ်ပွဲများဖြစ်ခဲ့ကြရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှေးယခင်ကာလမှစ၍ ဆားကိုရိုးရာဘာသာရေးထုံးတမ်းအစဉ်အလာများအရ တွင်ကျယ်စွာ သုံးစွဲလာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

အီဂျစ် မံမီရုပ်အလောင်းများ မပုပ်သိုးအောင် ဆေးရည်စိမ်စီမံရာတွင် ဆားကိုအသုံးပြုကြသည်။ ဂျာမနီနိုင်ငံတွင် ကြင်စဦး ဇနီးမောင်နှံတို့အတွက် မကောင်းသောဝိညာဉ်ဆိုးများ ပယောက်စေရန် အိမ်ခန်းထောင့်များကို ဆားပုံကလေးများ ပုံ၍ထားကြရသည်။ ဂျူးရိုးရာ Shabbat ဘာသာရေးအခမ်းအနားများတွင် ဆားနှင့်ပေါင်မုန့်ဖြင့် ဧည့်သည်တော်များကို ဧည့်ခံလေ့ရှိကြသည်။ ကက်သလစ်ဘုရားကျောင်းများတွင်လည်း မကောင်းသောအညံ့ဆိုးများ ပြေပျောက်ရန် ဆားလက်တစ်ဆုပ်စာ ပမာဏဖြင့် လူပခုံး၏အရှေ့ဘက်မှ အနောက်ဘက်သို့ပက်ပေးရသည်။

ဂျပန်နိုင်ငံရှိ ဆူမိုနပန်းပွဲများတွင်လည်း ပြိုင်ပွဲဝင်များသည် မကောင်းသောကံဆိုးများ ပပျောက်ပြီး အနိုင်ရရှိစေရန်ရည်ရွယ်ကာ ပွဲမစခင် ကြိုးဝိုင်းထဲတွင် ဆားကိုစက်ဝိုင်းပုံသဏ္ဌာန် ဖျန်းပက်ကြသည်။ အာရှတိုက်နိုင်ငံအသီးသီးတွင်လည်း ထိုနည်းလည်းကောင်းဖြစ်သည်။ အထူးသဖြင့် ကိုရီးယားနိုင်ငံတွင် မကောင်းဆိုးဝါးများကို မောင်းထုတ်သည့်အနေဖြင့် အမှောင့်ပယောဂ ပူးနေသူကို ဆားဖြင့်ဖျန်းပက်လေ့ရှိသည်။ စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း မြတ်စွာဘုရားရှင်လက်ထက်တော်ကာလကစ၍ ဆွမ်းပဒေသာပင်လှူဖွယ်ပစ္စည်းတို့တွင် ဆားအာဟာရတစ်မျိုးအပါအဝင်ဖြစ်သည်။ မြန်မာလူမျိုးများ ရှေးရိုးစွဲအယူအဆအရ အိမ်သစ်တက်သောနေ့တွင် အိမ်အဝန်းအဝိုင်းအတွင်း၊ အပြင်သို့ ဆားပက်ဖျန်းလေ့ရှိကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

**ဆားနှင့် အထွေထွေအသုံးပြုပုံ**

ကျန်းမာရေးအပြင် အိမ်တွင်းမှုများအတွက် ဆား၏အကျိုးပြုပုံများမှာ ရေစိုနေသောယမ်းမီးခြစ်ကို ဆားပုံပေါ်တင်ထားလျှင် မိနစ်အနည်းငယ်အတွင်း ခြောက်သွေ့လာနိုင်ပါသည်။ ဘုရားကပ်လှူထားသော ပန်းများကို တာရှည်ခံအောင် ပန်းအိုးထဲကရေကို ဆားအနည်းငယ်ခတ်ထည့်ပေးပါ။ မီးဖိုချောင်သုံးဓားကို ဆားရေဖြင့်သွေးပေးပါက ဓားသွားထက်လာစေပါသည်။ အိပ်ရာတွင် ကြမ်းပိုးတွယ်ပါက ခြင်ထောင်နှင့် ဖျာတို့ကို ဆားငန်ရေလောင်းပေးနိုင်ပါသည်။ အသစ်ဝယ်လာသော ဖန်ခွက်၊ ဖန်ပန်းအိုး၊ ဖန်ပန်းကန်ပြားစသည့်ဖန်ထည်ပစ္စည်းများကို ဆားရည်ထဲတွင် ခဏတ္တမျှစိမ်ထားခြင်းဖြင့် အလွယ်တကူမကွဲနိုင်တော့ပေ။

**ဆားနှင့်စားဖွယ်စုံ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆားကိုဟင်းခတ်ပေါင်ဒါမှုန့်အဖြစ် မဖြစ်မနေသုံးစွဲကြသလို မြန်မာနိုင်ငံတွင်လည်း ကမ္ဘာနှင့် ရင်ပေါင်တန်းကာ ဆားစားသုံးမှုလက်မနှေးကြပေ။ ဆားကို မည်မျှအမွှမ်းတင်ကြသနည်းဟူမူ **"အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ၊ ဆားမပါတဲ့ ဟင်းလိုပဲ"**ဟု ဆား၏အရေးပါပုံကို တင်စားကြသည်။ စာရေးသူတို့ နိစ္စဓူဝစားသောက်နေကြသော အကြော်၊ အလှော်၊ အချက်၊ အပြုတ်၊ အသုပ်၊ အကင်၊ အဖုတ်၊ ဟင်းချို၊ ဟင်းခါး၊ ချဉ်ရည်ဟင်း၊ ယိုစုံ စသည်တို့တွင် အငန်ဓာတ်ရှိသော ဆားပါမှ အချိုဓာတ်သည်လည်း ပို၍လေးပင်လာစေသည်။ မြန်မာ့ရိုးရာမုန့်ပဲသရေစာများတွင်လည်း ဆားနှင့်မလွတ်ကင်းကြသလို ယုတ်စွအဆုံး သစ်သီးဖျော်ရည်တို့တွင် ဆားမှုန့်နည်းနည်းထည့်မှသာ အစာကြေ၊ လေကြေ၊ ရင်ချောင်စေပါသည်။ **"မြန်မာ့ငါးပိ၊ ကမ္ဘာကသိ"**ဆိုစကားအတိုင်း ကမ္ဘာကျော်ငါးပိသည် ငါးကိုရေဆေး၊ ဗိုက်ခွဲကာ အူများထုတ် သန့်စေပြီးနောက် ဆားဖြင့်အပုပ်ခံလုပ်ထားခြင်းဖြစ်သည်။

**ဆား(အငန်)စားသုံးမှုများခြင်း၏ ဘေးထွက်ဆိုးကျိုးများ**

ဆား၏ ဘက်စုံအသုံးဝင်ပုံကို အထက်ပါအတိုင်း သိမြင်နိုင်သည်။ လူတို့အတွက်သာမက သက်ရှိတိရစ္ဆာန်များနှင့် အပင်များအတွက်လည်း အနည်းအကျဉ်းပမာဏမျှရှိသောဆားက မရှိမဖြစ်လိုအပ်နေသည်။ စာရေးသူတို့ခန္ဓာကိုယ်တွင် ရေဓာတ်နှင့် အငန်ဓာတ်မရှိပါက အသက်မရှင်နိုင်တော့ပေ။ ဥပမာ- သွေး၊ ချွေး၊ မျက်ရည်တို့တွင် အငန်ဓာတ်ပါရှိနေကြသည်။ ပုံမှန် ကျန်းမာရေးကောင်းမွန်နေသူ လူတစ်ဦးအနေဖြင့် တစ်နေ့တာလိုအပ်လျက်ရှိသော ဆားပမာဏသည် အသက်အရွယ်အလိုက် မီလီဂရမ် ၁၅၀၀ မှ မီလီဂရမ် ၂၃၀၀ မျှလိုအပ်နေသည်။

ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်များအရ သဘာဝပင်လယ်ရေမှ ချက်လုပ်သောဆားသည် စားပွဲတင်ဆားထက် ပိုမိုဆေးဖက်ဝင်သည်ဟုဆိုသည်။ ဆားကို နေရာဒေသမရွေး ဈေးပေါပေါနှင့် အလွယ်တကူဝယ်ယူရရှိနိုင်သဖြင့် ၎င်း၏ကောင်းကျိုးပြုပုံများကို သတိမထားမိကြသော်လည်း သင့်တင့်လျောက်ပတ်စွာ အကျိုးရှိရှိ သုံးတတ်မည်ဆိုပါလျှင် အလွန်ဆေးဖက်ဝင်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာတိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် ဆားတစ်ပုံကို အသုံးပြုလေ့ရှိသည်။

သို့သော် ဆားအပါအဝင် အငန်အရသာများကို လိုအပ်သည်ထက် ပို၍သုံးစွဲမိပါက သွေးတိုးရောဂါအပြင် ၎င်းရောဂါနှင့်ပတ်သက်ဆက်စပ်လျက်ရှိသော နှလုံးရောဂါနှင့် လေငန်းရောဂါတို့ ကေန်မုချဖြစ်လာစေနိုင်သည်။ ထို့ပြင် ဆားအလွန်အကျွံ စားသုံးပါက ကျောက်ကပ်ပျက်စီးခြင်း၊ အစာအိမ်ကင်ဆာရောဂါနှင့်ဆက်စပ်ခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ ဖောရောင်ခြင်း၊ အရိုးသန်မာမှုလျော့ကျခြင်း စသည်တို့ဖြစ်လာစေသည်။ အငန်စားသုံးမှုများပါက ကျောက်ကပ်က အရည်ဓာတ်မစွန့်ထုတ်နိုင်တော့ဘဲ ထိန်းထားသည့်အတွက် ခြေဖမိုး၊ လက်၊ ခြေဆစ်လက်ဆစ်နှင့် ခြေထောက်များ ဖောရောင်လာနိုင်သည်။ သွိုင်းရှိုက်ဝေဒနာသည်များအနေဖြင့် အိုင်အိုဒင်းဆားကို အထူးရှောင်ရှားသင့်သည်။

ဗြိတိန်နိုင်ငံတွင် လူပေါင်း ၁၀၀၀၀၀ ခန့်ကိုလေ့လာမှုအရ အစားအစာများတွင် ဆားများစွာထည့်စားလေ့ရှိသောသူများမှာ Multiple Sclerosis (MS) ခေါ် အာရုံကြောစနစ်ချို့ယွင်းမှုကြောင့် ကိုယ်လက်လှုပ်ရှား စကားပြောဆိုမှုမထိန်းချုပ်နိုင်သော ရောဂါဖြစ်ပွားနိုင်ခြေရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ဆားအလွန်အကျွံသုံးစွဲပါက လူသာမက သက်ရှိတိရစ္ဆာန်များနှင့် အပင်များကိုလည်း ဘေးထွက်ဆိုးကျိုးများဖြစ်စေနိုင်သည်။

**ဆားများများစားခြင်းက သွေးတိုး၍ နှလုံးပျက်စီးနိုင်**

အရွယ်ရောက်ပြီးသူ လူတစ်ဦးသည် ဆား (ဆိုဒီယမ်)ကို တစ်နေ့လျှင် စားပွဲတင်ဇွန်းနှစ်ဇွန်း စားမိပါက သွေးဖိအား မြင့်တက်လာပြီး နှလုံးပျက်စီးစေနိုင်သည်။ လေ့လာမှုမှတ်တမ်းများအရ-

- ၃ ဒသမ ၇၃ ဂရမ်ညီမျှသည့် စားပွဲတင်ဇွန်းနှစ်ဇွန်းစာပမာဏရှိသော ဆားကို နေ့စဉ်စားသုံးမိပါက နှလုံးအိမ်ခန်းများ ကြီးမားလာသည်။ နှလုံးကြီးခြင်းဆိုသည်မှာ သွေးဖိအားမြင့်တက်လာသဖြင့် နှလုံးကြွက်သားများက ပင်ပင်ပန်းပန်းအလုပ်လုပ်ရသော လက္ခဏာတစ်ရပ်ဖြစ်သည်။
- ဆား(ဆိုဒီယမ်)ဓာတ်များက နှလုံးကြွက်သားများကို တင်းကျပ်စေကာ နှလုံးခုန်မြန်ဆန်စေသည်။
- ဆားများများစားမိ၍ သွေးတိုးခြင်းကြောင့် နှလုံးရောဂါ၊ လေငန်းရောဂါတို့အပြင် ကျောက်ကပ်ပျက်စီးစေသည်။

ထို့ကြောင့် အမေရိကန်ရှိ CDC နှင့် NHS ဟု အမည်ရသော ကျန်းမာရေးသုတေသနအဖွဲ့အစည်းများက အရွယ်ရောက်ပြီးသူ လူသားတိုင်း နေ့စဉ်ဆားစားသုံးမှုပမာဏသည် စားပွဲတင်ဇွန်းတစ်ဇွန်းနှင့် လေးပုံတစ်ပုံပမာဏတို့ထက် မပိုသင့်ကြောင်း အကြံပြုထားသည်။ ၎င်းပမာဏဆိုသည်မှာ ဆားချည်းသက်သက်မဟုတ်ဘဲ ဆားပါသော အသင့်စားအစားအစာ (Ready-Prepared Food) များလည်း ပါဝင်နေသည်။

ဟားဗတ်ဒ်တက္ကသိုလ် (Harvard University) မှ သုတေသီများသည် ပျမ်းမျှအသက် ၄၉ နှစ်အရွယ် လူဦးရေ ၂၉၉၆ ဦးကို ဆားစားသုံးမှုနှင့် နှလုံးအခြေအနေ ပတ်သက်ဆက်နွယ်မှုကို စမ်းသပ်လေ့လာခဲ့ကြသည်။ ထိုသူများ၏ဆီးကိုစစ်ဆေး၍ ဆားမည်မျှပမာဏ စားသုံးခဲ့ကြောင်းကို ခန့်မှန်းလေ့လာခြင်းဖြစ်သည်။ ထို့နောက် ထိုသူများ၏နှလုံးအခြေအနေကို အာလ်ထရာဆောင်း (Ultrasound) ရိုက်ကြည့်ရာ အစမ်းသပ်ခံ လူများအနက် နေ့စဉ်ပျမ်းမျှ ဆား ၃ ဒသမ ၇၃ ဂရမ် စားသုံးသူများတွင် နှလုံးအိမ်ခန်းများ ပို၍ကြီးလာသည်ကို တွေ့ရသည်။ ထိုသို့ နှလုံးအရွယ်ကြီးလာသည်နှင့်အမျှ နှလုံးကြွက်သားများကလည်း မနိုင်ဝန်ထမ်းပြီး အလုပ်ပိုလုပ်ရ၍ တင်းကျပ်လာပြီး နှလုံးသွေးဖိအား မြင့်တက်လာသည်။ ထို့ပြင် ခန္ဓာကိုယ်အတွက် လိုအပ်သောပမာဏထက် ဆားပိုစားမိပါက ခန္ဓာကိုယ်ထဲတွင် အရည်ဓာတ်များထိန်းသိမ်းထားလိုက်မိပြီး ရေပေါင်ချိန်တက်လာကာ သွေးဖိအားလည်း မြင့်တက်လာစေသည်။

အဆိုပါဖြစ်စဉ်ကို ဆေးသိပ္ပံနည်းအရ "ဆားများများစားလို့ သွေးတိုးရောဂါရတယ်"ဟုဆိုသည်။ သွေးတိုးရောဂါကြောင့် နှလုံး၊ နှလုံးသွေးလွှတ်ကြောများ၊ ကျောက်ကပ်များနှင့် ဦးနှောက်တို့ကို အလွန်အမင်း ဝန်ပိစေကာ နောက်ဆုံးတွင် နှလုံးရောဂါ၊ လေငန်းရောဂါ၊ ကျောက်ကပ်ရောဂါဖြစ်ရန် ဦးတည်လာပါတော့သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံဆိုင်ရာ ဟဒယဗေဒကောလိပ်တစ်ခုဖြစ်သော The American College of Cardiology ၏ ထုတ်ဝေထားသည့် ဂျာနယ်တစ်စောင်တွင် "နေ့စဉ် ဆား ၃ ဒသမ ၇၀ ဂရမ်စားခြင်းက နှလုံးရောဂါဖြစ်စေတယ်"ဟု သတိပေးနှိုးဆော်ထားသည်။ သို့ပါ၍ သွေးတိုး၊ နှလုံး၊ လေငန်း၊ ကျောက်ကပ် စသည့်ရောဂါများ မဖြစ်ရလေအောင် ဆား(ဆိုဒီယမ်ဓာတ်)ကို လိုအပ်သည့်ပမာဏထက် ပိုမစားသင့်ပေ။

အချုပ်အားဖြင့်ဆိုသော် ဆားက သက်ရှိသတ္တဝါအားလုံးနှင့် သစ်ပင်တို့အတွက် အမှန်တကယ်ဆေးဖြစ်စေနိုင်သော်လည်း ဘေးမဖြစ်စေရန်အတွက် သင့်တင့်မျှတရုံသာ သုံးစွဲအပ်ပေသည်။ ထို့ကြောင့် ဆား၏ကောင်းကျိုး၊ ဆိုးကျိုးများစွာကို လူအများ သတိရှိကြစေရန်အတွက်ကိုလည်း နိုင်ငံတကာ ကျန်းမာရေးသုတေသီများက နှစ်စဉ် မတ်လ ၁၄ ရက်မှ ၂၀ ရက်နေ့ကို "World Salt Awareness Week-ကမ္ဘာ့ဆားစားသုံးမှု သတိပြုရမည့်ရက်သတ္တပတ်" အဖြစ် အထူးတလည်သတိပေးထားသည်။ ယခု ၂၀၂၄ ခုနှစ်အတွက် ဆောင်ပုဒ်မှာ Shake the Habit ဖြစ်သည်။ လူအများအပြားသည် ဆားကို လိုအပ်သည်ထက် ပိုစားမိနေကြရာ အဆိုပါအလေ့အထကို လျှော့ချသွားကြပါရန် တိုက်တွန်းလိုက်ရပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှစ်ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းမြောင်းမြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၄ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်မှ နှစ်ပတ်အတွင်းငွေကျပ် သန်း ၁၃၀ ကျော်တန်ဖိုးရှိ အစုရှယ်ယာစောင်ရေ ၄၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့




**ရန်ကုန် မတ် ၁၉**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်မှ ယခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၈ ရက်ထိ နှစ်ပတ်အတွင်း ငွေကျပ်သန်း ၁၃၀ ကျော်တန်ဖိုးရှိ အစုရှယ်ယာစောင်ရေ ၄၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏သတင်းများအရ သိရသည်။

ယခုနှစ် ဖေဖော်ဝါ ၂၃ ရက်မှ မတ် ၈ ရက်ထိ၊ နှစ်ပတ်တာကာလအတွင်း ရန်ကုန်စတော့အိတ်ချိန်း (YSX)ဈေးကွက်၌ စာရင်းဝင်ကုမ္ပဏီခုနစ်ခုမှ ငွေကျပ် ၁၃၈ ဒသမ ၁၄ သန်းတန်ဖိုးရှိ အစုရှယ်ယာစောင်ရေ စုစုပေါင်း ၄၂၂၄၈ စောင်ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုအခါ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် First Myanmar Investment Public Co.,Ltd (FMI)ကုမ္ပဏီ၊ AMATA Holding Public Co.,Ltd (AMATA) ကုမ္ပဏီ၊ Ever Flow River Group Public Co.,Ltd (EFR)ကုမ္ပဏီ၊ TMH Telecom Public Co.,Ltd (TMH)ကုမ္ပဏီ၊ First Private Bank Ltd (FPB) ကုမ္ပဏီ၊ Myanmar Thilawa SEZ Holdings Public Co., Ltd(MTSH) ကုမ္ပဏီနှင့် Myanmar Citizens Bank Ltd (MCB) ကုမ္ပဏီ စသည့်ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီခုနစ်ခုမှ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ First Myanmar Investment Public Co.,Ltd(FMI)ကုမ္ပဏီမှ ငွေကျပ် ၃၀ ဒသမ ၈၄ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၃၇၁၁ စောင်၊ Myanmar Thilawa SEZ Holdings Public Co., Ltd (MTSH)ကုမ္ပဏီမှ ငွေကျပ် ၇၈ ဒသမ ၆ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၂၅၇၅၃ စောင်၊ မြန်မာနိုင်ငံသားများဘဏ် Myanmar Citizens Bank Ltd (MCB) ကုမ္ပဏီမှ ငွေကျပ် ၁ ဒသမ ၁၆ သန်း တန်ဖိုးရှိအစုရှယ်ယာပေါင်း ၁၅၅ စောင်၊ ပထမပုဂ္ဂလိကဘဏ် First Private Bank Ltd(FPB)ကုမ္ပဏီမှ ငွေကျပ် ၁၄ ဒသမ ၄၅ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၈၅၇၃ စောင်၊ TMH Telecom Public Co., Ltd(TMH)ကုမ္ပဏီမှ ငွေကျပ် ၃ ဒသမ ၁၈ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၁၂၂၆ စောင်၊ Ever Flow River Group Public Co., Ltd(EFR)ကုမ္ပဏီမှ ငွေကျပ် ၆ ဒသမ ၄၅ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၂၅၂၂ စောင်၊ AMATA Holding Public Co.,Ltd (AMATA)ကုမ္ပဏီမှ ငွေကျပ် ၃ ဒသမ ၄၆ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၇၀၈ စောင် စုစုပေါင်း ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီခုနစ်ခုမှ စုစုပေါင်း ငွေကျပ် ၁၃၈ ဒသမ ၁၄ သန်း တန်ဖိုးရှိ အစုရှယ်ယာပေါင်း ၄၂၂၄၈ စောင် ရောင်းချပေးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

(၃၃၆)

# မြဝတီမြို့နယ် သစ်ကတော့ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ မတ် ၁၉**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ကတော့ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ သစ်ကတော့ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျပြည့်သွင်းထားခြင်းရှိမရှိနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက အသင်းသား၊ အသင်းသူများအား စီမံကိန်းအတိုး၊ အရင်းငွေများကို သတ်မှတ်ကာလများတွင်ပေးဆပ်နိုင်ရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ သစ်ကတော့ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အရင်း၊ အတိုးငွေစုစုပေါင်း ၃၂ ဒသမ ၅၃၃၈ သန်းရှိနေပြီး စတုတ္ထနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဘိုဘို**

**စာပေမြင့်မှ လူမျိုးတင့်မည်**







# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပေးငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပေးငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!




အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင် (၅၀၅)ရပ်နေ ရဟန်းဒါယကာ ဦးချစ်တင် + ရဟန်းဒါယိကာမ ဒေါ်ဟန် တို့ကို ရည်စူး၍ (သား) ကျောင်းဒါယကာ ရဲမှူး ရဲမြင့်အောင်၊ (သမီး) ကျောင်းဒါယိကာမများဖြစ်ကြသော ဒေါ်ကွန်းကြည်၊ ဒေါ်ညွန့်ကြည်၊ ဒေါ်ညွန့်ရီ မိသားစုတို့က မန္တလေးမြို့၊ အသောကာရာမကျောင်းတိုက်၊ ရွှေဘုံသာကျောင်းဝင်းအတွင်း၌ ထေရာဝါသ ကျောင်းဆောင်သစ် ဆောက်လုပ်ကာ ရေစက်ချလှူဒါန်းပြီးဖြစ်ပါသဖြင့် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ဦးချစ်တင်+ဒေါ်ဟန်**

**(သား)**

**ရဲမှူး ရဲမြင့်အောင်**

**(သမီး)**

**ဒေါ်ကွန်းကြည်၊ ဒေါ်ညွန့်ကြည်၊ ဒေါ်ညွန့်ရီ**


## Long Style Hair Saloon

ဆိုင်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း Promotion

ဖြောင့်
ကောက်
ဆေးဆိုး
(30%) off

66 st × 38 st Corner ၊ 66 st × 67 st, 38 st Corner
Ph; 09-2053849


### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့နေ နီမော်(လ်)ဦးနာဂါ မဆာဆင် (၉/မကန(နိုင်)၁၂၃၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

ရွာထိုးကြီးမြို့နယ်နေ မဟာနိရတ္တနုတ်စိုး (ဘ) ဦးအောင်မောင်စိုး (၉/နထက(နိုင်)၁၉၅၈၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၆၃၅၇၅၁


မီး
သတ်ပြု


### ပျောက်ဆုံးကြောင်း

လသာရှိမြို့နေ သီဟနိုင် (ဘ) ဦးကျော်ကျော် (၁၃/လရန(နိုင်)၂၂၀၄၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၅၂၂၂၀၃၅၅

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ မငြိမ်းဝေနှင်း(ဘ) ဦးအောင်လှိုင်ဝင်း (၉/မခန(နိုင်)၂၆၈၀၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၆၃၅၇၅၁


# ကြိုတင်ကာကွယ် မီးအန္တရာယ်


## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့နေ ဦးတင်ထွဋ်+ဒေါ်နွဲ့နွဲ့ တို့၏သား၊ ဦးမျိုးမင်းထွဋ်၏အစ်ကို **ဦးငြိမ်းမျိုးထွဋ်** သည် ၁၈-၃-၂၀၂၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်အတူ အထူးဝမ်းနည်းရပါကြောင်း။

**(ဦးမောင်ဘို)+ဒေါ်ခင်လေးမြင့်**

**(သား)**

**ဦးကျော်စွာမြင့်**

### ပျောက်ဆုံးကြောင်း

ရွာထိုးကြီးမြို့နယ်နေ ချစ်စမ်းအောင် (ဘ) ဦးမိုက်တင် (၉/နထက(နိုင်)၁၆၂၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၄၈၈၀၉၁၀

### ပျောက်ဆုံးကြောင်း

ရွာထိုးကြီးမြို့နယ်နေ မအိမ်ခိုင် (ဘ) ဦးသိန်းဆွေ (၉/နထက(နိုင်)၁၆၄၅၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၄၈၈၀၉၁၀

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ မခင်မေ (ဘ) ဦးစိုးဟန်သာ (၉/မနမ(နိုင်)၀၉၂၇၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၄၈၈၀၉၁၀


**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏အနာဂတ်အတွက် အကောင်းဆုံးဖြစ်....

❖ တပ်မတော်သည် အမြဲတမ်းရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ်....

❖ စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏အားဖြစ်....

❖ တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ....

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၉/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားတက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မတ် ၁၉**

၂၀၂၃ ခုနှစ် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး **Jeng Phang** နော်တောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဖတ်ကြားသည်။ ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

ကျောက်တစ်လုံး ကြီးပြင် ကာကွယ်တော သတ်မှတ်

စာမျက်နှာ - ၂၃



တရုတ်နိုင်ငံ လေ့ကျင့်ရေးခရီးစဉ် ခြေစမ်းပွဲတွင် မြန်မာအမျိုးသမီးအသင်းနှင့် Sichuan FC အသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်

စာမျက်နှာ - ၈



သူ့ဘက်ကို ကြည့်တတ် သိတတ်မှ ဆောင်းပါး

စာမျက်နှာ - ၆

